## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
## (၂၅) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်
## (၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ⊞ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီနေ့လွှတ်တော်ကို လာရောက်လေ့လာတဲ့နေရာမှာ တိုင်းရင်းသားဝတ်စုံတွေနဲ့ ဝမ်းမြောက်ဖွယ်ရာတွေ့ရပါတယ်။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၃၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၉.၆၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမြင့်စိုး(အဖွဲ့ဝင်၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့ ယနေ့ ၁၄-၃-၂၀၁၄ ရက်နေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသောလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ခွင့်ပန်ကြားမှာဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူ ၄၁ ဦးမှာ-

(၁) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၁ ရက်၊

(၂) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၃) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၁ ရက်၊

(၄) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်၊

(၅) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၆) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်၊

(၇) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၈) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊

(၉) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၁ ရက်၊

(၁၀) သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၁ ရက်၊

(၁၁) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၁၂) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ခွင့် ၁ ရက်၊

(၁၃) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး ခွင့် ၁ ရက်၊

(၁၄) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၁၅) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၁ ရက်၊

(၁၆) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၁၇) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ ခွင့် ၁ ရက်၊

(၁၈) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၁၉) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၁ ရက်၊

(၂၀) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်၊

(၂၁) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၁ ရက်၊

(၂၂) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ) ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၂၃) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်၊

(၂၄) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၂၅) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၁ ရက်၊

(၂၆) ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်း ခွင့် ၁ ရက်၊

(၂၇) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၂၈) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၁ ရက်၊

(၂၉) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင် ခွင့် ၁ ရက်၊

(၃၀) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၁ ရက်၊

(၃၁) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၃၂) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၃၃) ဗိုလ်မှူးကြီးမြင့်ဟန် တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်၊

**မူကြမ်း**

(၃၄) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၁ ရက်၊

(၃၅) မကွေးမဲဆန္ဒနယ်မှ ဦးမြင့်သိန်း ခွင့် ၁ ရက်၊

(၃၆) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၃၇) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၁ ရက်၊

(၃၈) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၁ ရက်၊

(၃၉) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၁ ရက်၊

(၄၀) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၁ ရက်၊

(၄၁) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးသန်းထွန်း ခွင့် ၁ ရက်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တက်ရောက်ခွင့်ရှိသူ ၄၂၂ ဦး၊ တက်ရောက်သူ ၃၃၆ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၄၁ ဦး ယခင်ခွင့်ပန်ကြားသူ ၄၅ ဦး ပေါင်း ၈၆ ဦးဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၈၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသော မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**သံဖြူဇရပ်မြို့ရှိ သေမင်းတမန်ပြတိုက်သည် ပျောက်ကွယ်လုနီးပါးဖြစ်နေပါသဖြင့် ပြန်လည်မွမ်းမံပေးနိုင်ခြင်းရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းအောင်(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ဝန်ကြီးများ၊ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ သေမင်းတမန်မီးရထားလမ်းရဲ့ နာမည်ခေါင်းစဉ်တပ်ပြီးတော့ မေးခြင်းဖြစ်ပါတယ်။ ၁၉၄၂ ခုနှစ် နိုဝင်ဘာလမှစတင်၍ ဂျပန်တပ်မတော်ကဖောက်လုပ်ခဲ့တဲ့ ယိုးဒယား-မြန်မာမီးရထားလမ်းကြီးသည် လူသားများစွာအသက်စတေးခဲ့ရသည့်အတွက် သေမင်းတမန်ရထားလမ်းဟု ထင်ရှားခဲ့သည်။ မီးရထားလမ်းဖောက်လုပ်ရာတွင် မြန်မာတိုင်းရင်းသား ၈၀၀၀ ကျော်၊ မဟာမိတ်တပ်သားက ၁၀၀၀၀ ကျော်တို့ အသက်ဆုံးရှုံးခဲ့ကြသည်။ ရထားလမ်းဖောက်လုပ်ပြီးသည့်အထိမ်းအမှတ်ပွဲကို ၁၉၄၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင်ကျင်းပခဲ့သည်။ သံဖြူဇရပ်မှ ပန်ပုန်းသို့ သေမင်းတမန်ရထားလမ်းသည် မြန်မာဘက်ခြမ်းတွင် သံဖြူဇရပ်မြို့မှစတင်ခဲ့သည်။ ဘုရားသုံးဆူ တောင်ကြားလမ်းကိုဖြတ်လျက် ယိုးဒယားနိုင်ငံ ပန်ပုန်းမြို့သို့ဖောက်လုပ်ခဲ့သည်။ ပန်ပုန်းမြို့ရှိ ဘန်ကောက်-စင်ကာပူမီးရထားလမ်းနှင့် ဆက်သွားရန်ဖြစ်သည့် မိုင် ၂၅၀ ကျော် ရှည်ကြာပြီး လမ်းခုလတ်တွင် တံတားတစ်စင်းကိုလည်း တည်ဆောက်ခဲ့သည်။ တံတားဆောက်လုပ်ရာတွင် မြန်မာတိုင်းရင်းသားများသာမက စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးထားသော မဟာမိတ်တပ်သားအများအပြားလည်းပါဝင်ခဲ့သည်။ တည်ဆောက်ပစ္စည်းများကို ဗြိတိသျှတို့မှ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားသည့် ၁၉၄၁ ခုနှစ်တွင် သံလမ်းမိုင်စုစုပေါင်း ၂၈၅၂ မိုင်ရှိသည့်အနက် ဂျပန်သို့ သံလမ်းမိုင် ၃၀၀ ခန့်ကိုဖြုတ်ယူ၍ မြန်မာ-ယိုးဒယား ရထားလမ်းဖောက်လုပ်ရာတွင် အသုံးပြုခဲ့ပါသည်။ အလုပ်သမားနည်းပါးမှု၊ ကြန့်ကြာမှုမှ ကာလအတောအတွင်းအလုပ်သမား ၃၂၂၀၄ ဦးစုဆောင်းခဲ့ရာ ပထမအသုတ်ဖြင့် စတင်ပို့လွှတ်လိုက်သည်။ သို့သော် ထွက်ပြေးသူများ

ကြောင့် တစ်စတစ်စလျော့ပါးလာခဲ့ရာ မေလ ၆ ရက်နေ့တွင် မြန်မာအစိုးရဝန်ကြီးချုပ်က အမှတ်(၁၅) ဂျပန်တပ်မတော်စစ်အုပ်ချုပ်ရေးဦးစီးဌာနနှင့်ညှိနှိုင်းကာ အလုပ်သမား ၂၁၀၀၀ ကျော် ထပ်မံခေါ်ရန် ပြင်ဆင်ပြန်ပါသည်။ ပထမအကြိမ် စုဆောင်းရာက ခရိုင် ၉၃ သတ်မှတ်ရှာဖွေစုဆောင်းခဲ့ရာ အခက်အခဲများနှင့် အလုပ်သမားစုဆောင်းရာသို့ တောင်ငူ၊ အင်းစိန်၊ ဟင်္သာတ၊ ပုသိမ်၊ ထားဝယ်၊ မြိတ်၊ မော်လမြိုင်၊ သထုံ၊ ပဲခူးနယ်များ၊ ဒုတိယအကြိမ်အတွက် ကျောက်ဆည်၊ မအူပင်၊ မင်းဘူး၊ ပခုက္ကူ သရက် ငါးခရိုင်ကို ထပ်မံတိုးချဲ့ရှာဖွေစုဆောင်းခဲ့သည်။ စုဆောင်းရေးအရာရှိ ဦးရေကိုလည်း ယခင်က အလုပ်သမား ၁၀၀၀ အတွက် တစ်ဦးကျထားရာမှ ဒုတိယအကြိမ် စုဆောင်းရာ တစ်ရာလျှင်တစ်ဦးနှုန်း ပြောင်းလဲထားရှိခဲ့သည်။ ထို့အပြင် ၁၇၆၁၅ ဦး ထပ်မံစုဆောင်းနိုင်ခဲ့လေသည်။ တတိယအကြိမ် မိုးတွင်းကာလ မီးရထားလမ်းဖောက်လုပ်ရာတွင် ငှက်ဖျားရောဂါ၊ အရေပြားရောဂါ၊ ဝမ်းရောဂါဖြစ်ပေါ်မှုများကြောင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ထွက်ပြေးမှုများရှိနေရာ အမှတ်(၁၅) ဂျပန်တပ်မတော်မှတောင်းဆို၍ ၁၉၄၃ ခုနှစ် ဇူလိုင်လတွင် အလုပ်သမား ၂၀၀၀၀ ထပ်မံစုဆောင်းပေးရပြန်ပါသည်။ ဤတစ်ကြိမ်တွင် ရွှေဘို၊ ကသာနှင့် မုံရွာခရိုင်များကို ဦးတည်စုဆောင်း၏။ တတိယအကြိမ်စုဆောင်းရာတွင် အလုပ်သမားအင်းအား ၂၁၀၆၉ ဦးထပ်မံစုဆောင်းရရှိခဲ့သည်။ ဟေဟိုတပ်ခေါ် မျိုးချစ်တပ်လူငယ်များအဖွဲ့ကို မြန်မာနိုင်ငံ ဂျပန်တပ်မတော်ဌာနချုပ်ကဖွဲ့စည်းထားရှိပါသည်။ ၂၀ ရက် ဧပြီလ ၁၉၄၃ ခုနှစ်တွင် ဟေဟိုတပ်သို့ မျိုးချစ်လူငယ်များဝင်ရောက်ကြရာ မြန်မာ့အလင်းသတင်းစာမှာဖော်ပြခဲ့သည်။ ယင်းတပ်မှာ အရံတပ်ဖွဲ့တစ်ခုဖြစ်ပြီး သွေးတပ်တပ်သားများ၊ အလုပ်သမားများ စုဆောင်းရာမှ အဓိကနေရာမှာပါဝင်သည်။ မြန်မာတိုင်းရင်းသားများ၊ စစ်သုံ့ပန်း မဟာမိတ်တပ်သားများ၊ သေမင်းတမန်မီးရထားလမ်းဖောက်လုပ်ရာတွင် ဖောက်လုပ်ခြင်းအထိမ်းအမှတ်အဖြစ် ပြတိုက်နှင့် မဟာမိတ်စစ်သင်္ချိုင်းတို့ တည်ရှိပါသည်။ စစ်သင်္ချိုင်းမှာ ဒုတိယကမ္ဘာစစ်အတွင်းက ကျဆုံးခဲ့သည့် အင်္ဂလိပ်၊ ကနေဒါ၊ ဩစတေးလျ၊ နယူးဇီလန်၊ အိန္ဒိယ၊ မြန်မာ၊ မလေးရှား၊ နယ်သာလန်စသည့်နိုင်ငံများမှစစ်သည်များ ၁၆၁၇ ဦးအတွက် အရိုးပြာများကို မြှုပ်နှံခြင်းဖြစ်သည်။ ယင်းစစ်သင်္ချိုင်းကို ၁၈ ဒီဇင်ဘာ ၁၉၄၆ ခုက ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘုရင်ခံ ဆာဟူဘတ်ရန်းတို့လာရောက်ဖွင့်လှစ်ပေးခဲ့သည်။ သို့ဖြစ်ပါ၍ မေးခွန်းတစ်ရပ်မေးမြန်းခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သံဖြူဇရပ်မြို့ရှိ သေမင်းတမန်ပြတိုက်သည် ပျောက်ကွယ်လုနီးပါးဖြစ်ပါ သဖြင့် ပြန်လည်မွမ်းမံခြင်းရှိ/မရှိ သိရှိလိုပါ၍ မရှိပါကမည်သည့်အတွက်ကြောင့် မပြုပြင်သနည်း။ ရှိပါကမည်သည့်အချိန်တွင် ပြုပြင်မည်နည်း။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ဖြေကြားပေးပါရန် အားလုံးကိုလေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးသန့်ရှင်းဖြစ်ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင် မေးမြန်းသည့်မေးခွန်းနှင့်ပတ်သက်၍ မွန်ပြည်နယ်အစိုးရအဖွဲ့၏ဖြေကြားချက်မှာ သံဖြူဇရပ်မြို့နယ် ဝဲရက်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၃၁၆) ဝဲသွန်ချောင်၊ အကွက်အမှတ် (၂၁/၂၃) မြေလွတ်ဧရိယာ ၆.၆၁ ဧကရှိ သေမင်းတမန်မီးရထားပြတိုက် ပန်းခြံမြေအား ၁၉၉၄ ခုနှစ်မှစ၍ သေမင်းတမန်မီးရထားပြတိုက်အဖြစ် သတ်မှတ်အသုံးပြုခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်တွင် အဆိုပါမြေအား ထိန်းသိမ်းခဲ့သော သံဖြူဇရပ်မြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးခဲ့ပါတယ်။ လွှဲပြောင်းစဉ်က ရထားပြတိုက်မြေ၊ မီးရထားစက်ခေါင်း၊ ပြတိုက်အဆောက်အဦငယ်၊ ဓာတ်ပုံမှတ်တမ်းအချို့နှင့် စာရွက်စာတမ်းအချို့ ပါရှိပါတယ်။ ၁၉၉၉ ခုနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြေများစာရင်းတွင်ပါဝင်ခဲ့ပြီး မြေဂရန်ရရှိရေးကို ဆောင်ရွက်လျက်ရှိစဉ် တလမွန်ကုမ္ပဏီမှ သေမင်းတမန်ရထားလမ်းပြတိုက် နေရာဟောင်းနှင့် ပန်းခြံကိုပြုပြင်ရန်နှင့် ၂.၁၈၅ ဧကရှိ မြေနေရာတွင် ပြတိုက်၊ ပန်းခြံ၊ ရှစ်ယောက်တည်းခိုနိုင်သော လေးခန်းတွဲတစ်ထပ်တိုက် လုံးချင်းခေတ်မီဟိုတယ်၊ ဆိုင်ခန်း၊ ကုန်တိုက်ကြီး ဆောက်လုပ်ခွင့်ပြုရန် တင်ပြခဲ့ရာ အဆိုပါနေရာအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမည်ဖြင့် လယ်ယာမြေဥပဒေပုဒ်မ ၃၀ ရရှိရေး ဆောင်ရွက်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမည်ပေါက်ရရှိပြီးမှသာ လုပ်ငန်းဆောင်ရွက်နိုင်ရေး အတွက် တင်ဒါခေါ်ယူဆောင်ရွက်ရန်နှင့် တည်ဆောက်ရေးလုပ်ငန်းအား BOT စနစ်ဖြင့် ဆောင်ရွက်ရန် ၃၁-၁-၂၀၁၃ ရက်နေ့တွင်ပြုလုပ်သည့် မွန်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၃) ဆုံးဖြတ်ချက်အပိုဒ်(၈)အရ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သို့ အကြောင်းကြားခဲ့ပါတယ်။

၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်တွင် နှစ်လက်မအချင်း စက်ရေတွင်း၊ ရေစက်ရုံဆောက်လုပ်ခဲ့ ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံအဖြစ်ဆောင်ရွက်ရန် လျာထားခဲ့ပါတယ်။ လက်ရှိတွင် သံဖြူ

ဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် သံဖြူဇရပ်မြို့နယ် မြန်မာ့မီးရထားတို့မှ ပူးပေါင်း၍ ထိန်းသိမ်းထားရှိပြီး လက်ရှိမြေနေရာပေါ်ရှိ မီးရထားစက်ခေါင်းအား သံဖြူဇရပ်မြို့နယ် မြန်မာ့မီးရထား(စက်မှု)ဌာနအစီအစဉ်ဖြင့် တစ်နှစ်လျှင်တစ်ကြိမ် ဆေးသုတ်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း၊ သံလမ်းများအား၊ ပြုပြင်ထိန်းသိမ်းခြင်း၊ ပတ်ဝန်းကျင်ရှိခြုံနွယ်များကို ရှင်းလင်းလျက်ရှိပါတယ်။ မြန်မာ့မီးရထား(မြို့ပြ)မှလည်း သေမင်းတမန်ရထားလမ်းအထိမ်းအမှတ်နေရာ ထိန်းသိမ်းဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ပြတိုက်နှင့် မီးရထားလမ်းအထိမ်းအမှတ်နေရာများကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါမြေဧရိယာ ၆.၆၁ ဧကအား မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ၉-၄-၂၀၁၃ ရက်နေ့က လယ်မြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းဖြင့်အသုံးပြုရန် ခွင့်ပြုခဲ့ပြီး သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမည်ပေါက်မြေဂရန်ရရှိရေးဆောင်ရွက်လျက်ရှိပါတယ်။ သံဖြူဇရပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြေအမည်ပေါက်ရရှိပါက မွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ကြီးကြပ်မှုဖြင့် မြေဧရိယာ ၀.၆ ဧကနေရာတွင် သေမင်းတမန်ပြတိုက်ကိုလည်းကောင်း၊ မြေဧရိယာ ၁.၅၈၅ ဧကနေရာတွင် ပြတိုက်သို့လာရောက်သည့် ယာဉ်များရပ်နားရန်နှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ စျေးဆိုင်များကိုလည်းကောင်း၊ မြေဧရိယာ ၀.၈၂၆ ဧကနေရာတွင် ခရီးသည်များ နားနေနိုင်ရန်အဆင့်မြင့်နားနေဆောင်များကိုလည်းကောင်း တည်ဆောက်ရန်လျာထားပြီးဖြစ်ပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်များ စျေးဆိုင်များတည်ဆောက်ခြင်း၊ အဆင့်မြင့်နားနေဆောင်များတည်ဆောက်ခြင်းဖြင့် သေမင်းတမန်ပြတိုက်အား ရေရှည်ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ဝင်ငွေရရှိစေရေး ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ၁၂-၁-၂၀၁၄ ရက် သံဖြူဇရပ်ခရီးစဉ်တွင် ပြတိုက်နေရာအား ပြုပြင်ထိန်းသိမ်းရန်မှာကြားခဲ့ပြီး ၂၀၁၄ ခုနှစ် ဧပြီလမှ စတင်ဆောင်ရွက်ရန်ဖြစ်ပါတယ်။ သေမင်းတမန်ပြတိုက်နေရာပြုပြင်ထိန်းသိမ်းပြီး အဆင့်မြှင့်တင်ရေးအတွက် မီးရထားဌာနနှင့် ပြည်နယ်စည်ပင်သာယာရေးကော်မတီတို့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ယင်းမာပင်မြို့နယ်ရှိ မြောက်ယမားတိုးချဲ့လက်ဝဲတူးမြောင်း စီမံကိန်းမှာ မည်သည့်ကာလတွင် ပြီးစီးမည်နှင့် မည်သည့်လမှစ၍ ရေပေးဝေနိုင်မည်ကိုသိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန် (ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယင်းမာပင်မြို့နယ်မှာရှိတဲ့ မြောက်ယမားတိုးချဲ့တူးမြောင်းနှင့်ပတ်သက်ပြီး မေးခွန်းများမေးမြန်းသွားမှာဖြစ်ပါတယ်။ မြောက်ယမားတိုးချဲ့တူးမြောင်းဟာ မြောက်ယမားဆည်ကနေပြီးတော့ ထပ်မံတိုးချဲ့ထားတဲ့တူးမြောင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြောက်ယမားဆည်ဟာ ကျွန်တော်တို့ ၁၉၉၇-၁၉၉၈ ကတပ်မတော်အစိုးရလက်ထပ်က အမြော်အမြင်ကြီးမားစွာဖြင့် တောင်သူလယ်သမားတွေအပေါ်မှာစေတနာထားပြီးတော့ တည်ဆောက်ပေးသွားတဲ့ ဆည်ဖြစ်ပါတယ်။ အဲ့ဒီဆည်ကနေပြီးတော့ ပင်မမြောင်းတစ်မြောင်းထုတ်ပြီးတော့ ကျွန်တော်တို့ ပုလဲမြို့နယ်က သုံးပုံနှစ်ပုံလောက် ရေသောက်ရပါတယ်။ ကျွန်တော်တို့ ယင်းမာပင်မြို့နယ်က သုံးပုံတစ်ပုံလောက်ရေသောက်ရပါတယ်။ အဲ့ဒီ ဆည်ရဲ့အထက်မှာ ပုံတောင်ကြောရှိတဲ့အတွက် ၂၀၀၇-၂၀၀၈ မှာထပ်မံပြီးတော့ မြောက်ယမားအကူရေလှောင်တမံဆိုပြီး ထပ်မံတည်ဆောက်ခဲ့တဲ့အတွက် ရေတွေဟာအလျှံပယ်သိုလှောင်ပြီးသားရှိနေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လွှတ်တော်ပေါ်ထွက်လာတဲ့ ၂၀၁၂ ခုနှစ်မှာတော့ ဒီပိုလျှံတဲ့ရေတွေကို ပုလဲမြို့နယ်က တောင်သူလယ်သမားတွေနဲ့ ယင်းမာပင်မြို့နယ်က တောင်သူလယ်သမားတွေ အကျိုးရှိရှိ အသုံးပြုနိုင်အောင်ဆိုပြီးတော့ ပုလဲမြို့နယ်မှာ လက်ယာတိုးချဲ့တူးမြောင်း၊ ကျွန်တော်တို့ ယင်းမာပင်မြို့နယ်မှာ လက်ဝဲတိုးချဲ့တူးမြောင်းဆိုပြီးတော့ ၂၀၁၂ ခုနှစ်မှာ စတင်ပြီးတည်ဆောက်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီ မြောက်ယမားတိုးချဲ့ တူးမြောင်းများနဲ့ ပတ်သက်လို့ ဒါလေးက ကျွန်တော်တို့ သမိုင်းအကျဉ်းလေးကို တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းရဲ့ ရည်ရွယ်ချက်ကတော့ နှစ်ခုရှိပါတယ်။ ပထမတစ်ခုကတော့ ဒီတိုးချဲ့တူးမြောင်းတွေကို အမြန်ဆုံးပြီးစီးစေချင်တဲ့ရည်ရွယ်ချက်ပါ။ ဘာကြောင့်အမြန်ဆုံးပြီးစီးချင်လည်းဆိုတော့ တောင်သူလယ်သမားတွေကလည်း ဒီမြောင်းတွေ ၂၀၁၂ ခုနှစ်က တူးဖော်ပြီဆိုကတည်းက ရေရမှာပဲဆိုပြီး စိုက်ပျိုးရေးတိုးချဲ့လုပ်ကိုင်ဖို့အတွက် အင်မတန်မှအားကိုးကြီးစွာဖြင့် မျှော်လင့်တောင်းတနေကြတဲ့ အခြေအနေလည်းရှိပါတယ်။ နောက်ပြီးတော့ မြောင်းကိုနှစ်ရှည်ရေးဆွဲပြီးတော့ တူးမယ်ဆိုရင်လည်း ညဥ့်တာရှည်အိပ်မက်များပြီးတော့ အိပ်မက်တွေလာနိုင်ပါတယ်။ ဒါလေးတွေကို ကျွန်တော် ကြိုတင်မှန်းဆပြီးတော့

တောင်သူလယ်သမားတွေရဲ့ လိုအင်ဆန္ဒများလည်း ပြည့်ဝအောင် ဒီဆည် ဒီတူမြောင်းတွေကို အမြန်ဆုံး ပြီးစီးချင်တဲ့ ပထမရည်ရွယ်ချက်ရှိပါတယ်။ ဒုတိယရည်ရွယ်ချက်အနေနဲ့ကတော့ ကျွန်တော့်အနေနဲ့ မေးထားတဲ့မေးခွန်းမှာ ယင်းမာပင်မြို့နယ်ရဲ့ လက်ဝဲဘက်တူးမြောင်းဆိုပြီး ပါရှိသော်လည်းပဲ ဒီဆည် ဟာ ပုလဲမြို့နယ်ထဲမှာရှိပြီးတော့ ပုလဲမြို့နယ်ထဲကိုလည်း လက်ယာတူးမြောင်းတိုးချဲ့ဖောက်လုပ်နေ တာဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့မေးခွန်းဟာ ယင်းမာပင်မြို့နယ်အတွက် လက်ဝဲတူးမြောင်းလို့ တင်ပြ ထားသော်လည်းပဲ ပုလဲမြို့နယ်ရဲ့ လက်ယာတူးမြောင်းကိုပါ အကျုံးဝင်စေချင်ပါတယ်လို့ ကြိုတင် ပြီးတော့ တင်ပြလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ယင်းမာပင် မြို့နယ်တူးမြောင်းဟာ ၂၀၁၃ ခုနှစ်မှာ ရာနှုန်းတော်တော်များများ ပြီးစီးသွားသော်လည်းပဲ ပုလဲမြို့နယ် တူးမြောင်းဟာ ပြီးခဲ့တဲ့ နှစ်က အကြောင်းတစ်ခုကြောင့် ခေတ္တယာယီရပ်ဆိုင်းထားရတယ်လို့ သိရှိရပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ပုလဲမြို့နယ်က ရေသောက်ချင်တဲ့ တောင်သူတွေကလည်းပဲ အနီးစပ်ဆုံးရှိတဲ့ ယင်းမာပင် မြို့နယ်က ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော့်ဆီကို တဖွဲဖွဲလာရောက်ပြီးတော့ ဒီမြောင်းကို ဆက်လက် တူးဖော်ပေးနိုင်အောင် လွှတ်တော်ကို တင်ပြပေးပါဆိုပြီးတော့ တောင်သူတွေရော၊ ကျေးရွာတာဝန်ရှိ သူပုဂ္ဂိုလ်တွေရော အကြိမ်ကြိမ်လာရောက်ပြီးတော့ ဆွေးနွေးတင်ပြကြတဲ့အတွက် ကျွန်တော့်အနေ နဲ့လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီဝင်ဖြစ်တာကတစ်ကြောင်း၊ ညီနောင်မြို့နယ်တွေရဲ့ ပြည်သူများရဲ့ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးရမယ်ဆိုတဲ့ ခံယူချက်ရှိတာက တစ်ကြောင်းကြောင့် ကျွန်တော်အခုမေးတဲ့မေးခွန်းကို လက်ဝဲတူးမြောင်း ယင်းမာပင်မြို့နယ်လို့ ဆိုသော်ငြားလည်းပဲ လက်ယာတူးမြောင်းဖြစ်တဲ့ ပုလဲမြို့နယ် ရေသောက်တောင်သူများရဲ့ဆန္ဒကိုပါ ထည့်သွင်းပြီးတော့ မေးခြင်းဖြစ်ပါတယ်လို့ ကြိုတင်ပြီးတော့ တင်ပြရခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါအတိုင်း မေးမြန်းတင်သွင်းလိုပါတယ်။ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်အတွင်း မြေဧက ၁၀၀၀၀ အား ဆည်ရေပေးဝေစိုက်ပျိုးနိုင်ရေး အတွက် ဆောင်ရွက်လျက်ရှိတဲ့ မြောက်ယမားတိုးချဲ့ လက်ဝဲတူးမြောင်းစီမံကိန်းမှာ ၂၀၁၄-၂၀၁၅ ခုနှစ် တွင် ဘဏ္ဍာငွေခွဲဝေချထားခြင်း မရှိဘူးလို့စောစောက ကျွန်တော်လေ့လာတွေ့ရှိရပါတယ်။ ယင်း လက်ဝဲတိုးချဲ့တူးမြောင်းစီမံကိန်းဟာ ဘယ်ကာလ၊ ဘယ်အချိန်မှာ ပြီးစီးပြီးတော့ ဘယ်ကာလ၊ ဘယ်အချိန်မှာရေပေးဝေနိုင်မလဲဆိုတာ နံပါတ်(၁) အနေနဲ့ သိရှိလိုပါတယ်။ ဆက်လက်ပြီးတော့ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ စတင်ရေးပေးဝေနိုင်မယ်လို့ဆိုလို့ရှိရင် ရေသောက်တောင်သူများမှ စနစ်တကျ ရေယူနိုင်ရေး၊ ဒေသအလိုက်မြေယာများ ရေသောက်စိုက်ကွင်းများကို ရေသောက်စိုက်ကွက်အဖြစ် ပြုပြင်ရေး၊ ရေသောက်မယ့်စိုက်ကွက်များရဲ့ သီးနှံစိုက်ပျိုးရေး ပုံစံတွေကို၊ လုပ်ငန်းစနစ်တွေကို၊ အစီ

**မူကြမ်း**

အမ်တွေကို ကြိုတင်ဆောင်ရွက်ထားရှိရေး ဒါတွေကို ပညာပေးခြင်း၊ တိုက်တွန်းခြင်းတောင်သူများအား အသိပေးစေခြင်း၊ သွင်းအားစုများစုဆောင်းစေခြင်း စသည်များကို ဘယ်အချိန်မှာ ဘယ်ကဲ့သို့စည်းရုံး ပညာပေးဆော်ဩကြမလဲဆိုတာလည်းပဲ သိလိုပါတယ်။ ဒါတွေဟာလည်း တောင်သူတွေက ကျွန်တော် တို့ လွှတ်တော်နားချိန် ကွင်းဆင်းထိတွေ့တဲ့အခါမှာ ဘာတွေလုပ်ရမလဲ၊ ဘယ်လိုလုပ်ရမလဲဆိုတာတွေ မေးနေတဲ့ မေးခွန်းတွေအပေါ်မှာ အခြေစိုက်ပြီးတော့ ဒီလိုမေးရခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ နောက်ဆုံးတစ်ချက်ကတော့ ကျွန်တော်ရဲ့ ရည်ရွယ်ချက်မေးခွန်းပါပဲ။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဆောင် ရွက်ပြီးစီးနိုင်ခြင်းမရှိပါက ယင်းနှစ်အတွင်း စတင်ရေပေးဝေနိုင်ရေးအတွက် လိုအပ်သောဘဏ္ဍာငွေ များဖြည့်စွက်တောင်းခံပြီးတော့ ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း လုပ်အားမြှင့်တင် ဆောင်ရွက် စေခြင်းနဲ့ ဆောလျင်စွာပြီးစီးပြီးတော့ ရေပေးဝေနိုင်ရေး စောစောစီးစီးဆောင်ရွက်နိုင်ရန်၊ စီစဉ်ဆောင် ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်သွင်း အပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊သမဝါယမဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သမဝါယမဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးသန့်ရှင်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန် မေးမြန်းသည့်မေးခွန်းနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်အတွင်း မြေဧရိယာ တစ်သောင်းဧကကို ဆည်ရေပေးဝေ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် မြောက်ယမား လက်ဝဲတိုးချဲ့ရေသောက်စနစ်တူးမြောင်းစီမံကိန်းကို ၂၀၀၈-၂၀၀၉ ခုနှစ်မှာ စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းခန့်မှန်းကုန်ကျငွေမှာ ကျပ်သန်းပေါင်း ၁၁၅၀၀ ဖြစ်ပြီး ရရှိပြီး ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၇၄၄၄ ဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စီမံကိန်းတစ်ခုလုံးပမာဏ၏ ၅၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာ ရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေမှတင်ပြပြီး လျာထားရန်ပုံငွေကျပ်သန်း ငါးရာဖြင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားလျက်ရှိပါတယ်။ ထပ်မံလိုအပ်ရန်ပုံငွေ ကျပ်သန်း ၃၅၅၆ ကို

တင်ပြတောင်းခံရမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများပြီးစီးအောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ မြောက်ယမားလက်ဝဲတိုးချဲ့ ရေသောက်စနစ်စီမံကိန်း၏ တူးဖော်ဖောက်လုပ်ဆောင်ရွက်ပြီးစီးခဲ့သည့် ရေပေးတူးမြောင်းများမှ မိုးစပါး ဆည်ရေပေးဝေစိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ရာ နွေစပါးကိုလည်း ဆည်ရေပေးဝေ စိုက်ပျိုးလျက်ရှိပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မင်္ဂလာဒုံမြို့နယ်တွင် မြို့နယ်အားကစားကွင်းတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကို လေ့လာရေးရောက်ရှိနေသော သံဃာတော်အရှင်မြတ်များနှင့် ဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မင်္ဂလာဒုံမြို့နယ်ရှိ ပြည်သူများရဲ့ကိုယ်စား၊ လူငယ်ထုရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်မှာ ပြည်ထောင်စုအားကစားဝန်ကြီးဌာနအနေဖြင့်သော်လည်းကောင်း၊ ရန်ကုန်မြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့်သော်လည်းကောင်း တည်ဆောက်ပေးထားတဲ့ မြို့နယ်အားကစားကွင်းမရှိပါ။ အားကစားဝါသနာပါသောလူငယ်လေးများ ထူးချွန်အားကစားသမားများဖြစ်လိုသောလူငယ်လေးများဟာ အားကစားပြုလုပ်လိုသော်လည်း အားကစားကွင်းမရှိတဲ့အတွက်ကြောင့်မို့လို့ အခက်အခဲများနှင့် ကြုံတွေ့နေရပါတယ်။ ရုံဖန်ရံခါမှာ ပညာရေးဝန်ကြီးဌာနရဲ့ အားကစားကွင်း၊ တပ်နယ်အား ကစားကွင်း၌သာ ကစားကြရပါတယ်။ ဒါ့ကြောင့် လူငယ်လေးများရဲ့ အားလပ်သောအချိန်များမှာ အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းအပ်ပါတယ်။ မင်္ဂလာဒုံမြို့နယ်တွင် မြို့နယ်အားကစားကွင်းတစ်ခု တည်ဆောက်

ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ကာလတွင် တည်ဆောက်ပေးမည်၊ မရှိပါက အဘယ့်ကြောင့်တည်ဆောက်ပေးရန်မရှိကြောင်းကိုမေးမြန်းအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း မေးမြန်းသည့်မေးခွန်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်ကို တင်ပြသွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းဌာနသည် စည်ပင်သာယာနယ်နိမိတ်တွင် ယခင်အစိုးရလက်ထက်၌ ရာသီမရွေးကစားနိုင်သော အားကစားကွင်းစုစုပေါင်း ၅၃ ကွင်း တည်ဆောက်ထားရှိခဲ့ပါတယ်။ လက်ရှိအစိုးရလက်ထက်၌ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် အားကစားကွင်း ၂၁ ကွင်းအားလည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အားကစားကွင်း ၁၃ ကွင်းအားလည်းကောင်း၊ ရာသီမရွေးကစားနိုင်ရန် တိုးချဲ့တည်ဆောက်နိုင်ခဲ့သည့်အပြင် လက်ရှိ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်လည်း ပြည်သူလူထုမှတင်ပြသည့် အားကစားကွင်း ၁၀ ကွင်း၊ ဌာနမှဖော်ထုတ်တည်ဆောက်သည့် အားကစားကွင်း နှစ်ကွင်း စုစုပေါင်း အားကစားကွင်း ၁၂ ကွင်းအား ထပ်မံ၍ အသစ်တိုးချဲ့တည်ဆောက်ပေးနေလျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကုန်တွင် အားကစားကွင်းစုစုပေါင်း ၉၉ ကွင်းအထိ တိုးတက်တည်ဆောက်ပေးနိုင်ပြီဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်လည်း ဌာနအနေဖြင့် ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ဖူဆယ်ဘောလုံးကွင်းနှစ်ကွင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ဖူဆယ်ဘောလုံးကွင်းတစ်ကွင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် ဖူဆယ်ဘောလုံးကွင်းတစ်ကွင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် ဘောလုံးကွင်းတစ်ကွင်း၊ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံတွင် ဖူဆယ်ဘောလုံးကွင်းတစ်ကွင်း၊ ရွှေပြည်သာမြို့နယ်တွင် ဘောလုံးကွင်းတစ်ကွင်း၊ လှိုင်သာယာမြို့နယ်တွင် ဖူဆယ်ဘောလုံးကွင်းတစ်ကွင်း စုစုပေါင်းအားကစားကွင်း ရှစ်ကွင်းတို့ကို ရာသီမရွေးကစားနိုင်ရန်အတွက် အသစ်ထပ်မံဖော်ထုတ်၍ ဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ်တည်ဆောက်ပေးသွားရန် အတည်ပြုသတ်မှတ်ဆောင်ရွက်ပြီးဖြစ်ပါတယ်။

**မူကြမ်း**

လက်ရှိတည်ဆောက်ပြီး အားကစားကွင်းများအနက် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်တွင် ကျိုက္ကလဲ့ ပြည်တော်သာဘောလုံးကွင်း(၁၆၀ ပေ၊ ၁၂၀ ပေ) တစ်ကွင်း၊ ထောက်ကြန့်တိုးချဲ့(၁) ဘောလုံးကွင်း (၃၅၀ ပေ၊ ၁၁၀ ပေ) တစ်ကွင်း၊ ထောက်ကြန့်တိုးချဲ့(၂) ဘောလုံးကွင်း (၁၉၀ ပေ၊ ၂၀၀ ပေ) တစ်ကွင်း စုစုပေါင်းဘောလုံးကွင်း သုံးကွင်းအား ရာသီမရွေးကစားနိုင်ရန် တည်ဆောက်ပေးထားပြီး အားကစားလူငယ်များမှာလည်း စဉ်ဆက်မပြတ်ကစားလျက်ရှိပါတယ်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနအနေဖြင့် ဘဏ္ဍာရေးနှစ်များအလိုက် ပြည်သူလူထု၏ တင်ပြချက်အရသော်လည်းကောင်း၊ ဌာနအနေဖြင့် ရှာဖွေဖော်ထုတ်၍သော်လည်းကောင်း၊ မြေနေရာများအား မြေယာရာဇဝင်စိစစ်အတည်ပြုချက်ရယူပြီး အားကစားကွင်းများတိုးတက်စေရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေလျက်ရှိပါတယ်။ မင်္ဂလာဒုံမြို့နယ်တွင်လည်း အလားတူမြေနေရာများဖော်ထုတ်၍ မြေယာရာဇဝင်စိစစ်အတည်ပြုချက်ရရှိပြီးပါက အသစ်ဖော်ထုတ်တည်ဆောက်ပေးခြင်းများအားလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။

သို့သော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ အားကစားကွင်းအသစ်ဖော်ထုတ်ဆောင်ရွက်မှုအား သက်ဆိုင်ရာတိုင်းဒေသကြီးသို့ တင်ပြအတည်ပြုချက်ရယူ၍ ဘဏ္ဍာရေးရန်ပုံငွေလျာထားသတ်မှတ်ပြီးဖြစ်သည့်အတွက် အားကစားကွင်းအသစ်များ ထပ်မံတိုးချဲ့တည်ဆောက်မည်ဆိုပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်နောက်ပိုင်း၌မှသာ မြေနေရာများရှာဖွေ၍ မြေယာရာဇဝင်စိစစ်အတည်ပြုချက်များ ဆောင်ရွက်ပြီးမှသာ အားကစားကွင်းအသစ်များတိုးချဲ့တည်ဆောက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထပ်မေးပါ။

**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေနဲ့ တစ်စပ်တစ်ဆက်တည်းမေးခွန်းများကို မေးခွင့်ပြုပါရန် ကျွန်တော့်အနေနဲ့ လေးစားစွာ ပန်ကြားအပ်ပါတယ်။ စောစောက ကျွန်တော်တို့ ဒုတိယဝန်ကြီးဖြေကြားသွားတဲ့ဥစ္စာက ကျွန်တော်တို့ မင်္ဂလာဒုံမှာ တိုင်တောင်မရှိဘူး။ ဘောလုံးကွင်းဆိုလို့ရှိရင် ကွက်လပ်လေးတစ်ခုလောက်ပဲ လုပ်ပေးထားတာရှိပါတယ်။ ကျွန်တော်မေးမြန်းတာက မင်္ဂလာဒုံမြို့နယ်ရဲ့ ကိုယ်စားပြုအားကစားကွင်းကို ကျွန်တော်ပြောတာပါ။ ကျွန်တော်ဆိုရင်လည်း ကျွန်တော်အားကစားလောကမှာ အသက် ၃၀ ထိကစား

ခဲ့ပါတယ်။ ဒါပေမယ့်လည်း မင်္ဂလာဒုံမှာ အားကစားကွင်း မရှိခဲ့ပါဘူး။ နောက်တစ်ခါ ကျွန်တော်တို့ ကစားရတာ တပ်နယ်ကွင်းတွေကိုပဲ အားပြုပြီးတော့ ကစားရတယ်။ ကျောင်းကွင်းတွေကိုလည်း အားပြုကစားရပါတယ်။ မင်္ဂလာဒုံမှာ ကျွန်တော်တို့ မြို့နယ်ကိုယ်စားပြု အားကစားကွင်း တည်ဆောက်ပေးနိုင်မှု/မပေးနိုင်မှုပဲ ကျွန်တော်မေးမြန်းခြင်း ဖြစ်ပါတယ်။ သို့အတွက်ကြောင့် ဒုတိယဝန်ကြီး အနေနဲ့ ဖြေကြားပေးနိုင်ပါက ကျွန်တော်အနေနဲ့ မြို့နယ်အားကစားကွင်းများ ကိုယ်စားပြု အားကစားကွင်းအား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ ဖြေကြားပေးပါရန် ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံအပ်ပါတယ်။

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ ကျွန်တော်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို မေးပြီးပြန်ဖြေပေးပါမယ်။

**မန္တလေးမြို့ရှိ ခုတင် (၁၀၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးအား (၁၅၀၀) ဆံ့ စံကိုက်ဆေးရုံကြီးအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အမရပူရပြည်သူ့ဆေးရုံအား ခုတင် (၅၀)ဆံ့ စံကိုက်ဆေးရုံအဖြစ် တိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများအားလုံး မိဘပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများကို စွမ်းစွမ်းတမံပိုမိုဆောင်ရွက်နိုင်ကြပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သောမေးခွန်းအား မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးမြို့ရှိ ခုတင် ၁၀၀၀ ဆံ့ မန္တလေးပြည်သူ့ဆေးရုံကြီးဟာ မန္တလေး ဆေးတက္ကသိုလ်ကျောင်း ကျောင်းသား/ကျောင်းသူများအား သင်ကြားပေးလျက်ရှိသော သင်ကြားရေး ဆေးရုံကြီးတစ်ရုံဖြစ်သလို အထက်မြန်မာပြည်ရှိ မြို့နယ်များမှာရှိတဲ့ နေထိုင်ကြသော ပြည်သူ ၂.၅ သန်းကျော်တို့ရဲ့ အားထားရာ နေ့စဉ်အတွင်းလူနာ ၁၂၀၀ ကျော်တက်ရောက်ကုသခံယူလျက် ပြည်သူလူထု၏ကျန်းမာရေးများကို ကုသဆောင်ရွက်ပေးလျက်ရှိသော ဆေးရုံကြီးတစ်ရုံလည်း ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိသော မန္တလေးပြည်သူ့ဆေးရုံကြီး၏ အဆောက်အဦလိုအပ်ချက်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှု၊ မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး၏ စည်းရုံးဆောင်

ရွက်မှု၊ မန္တလေးမြို့အပါအဝင် အနယ်နယ်အရပ်ရပ်က စေတနာရှင်များ၏ ထည့်ဝင်လှူဒါန်းမှုများဖြင့် ကိုးထပ်အဆောင်သစ်ကြီးဟာ မကြာခင်အောင်မြင်စွာ ဆောက်လုပ်ပြီးစီးတော့မှာလည်း ဖြစ်ပါတယ်။ အဆိုပါအဆောက်အဦကြီးဟာ အတွင်းလူနာ ၄၀၀ ကျော် တစ်ပြိုင်နက်တည်း တက်ရောက်ကုသခံယူနိုင်တော့မှာလည်း လေ့လာသိရှိရပါတယ်။ လက်ရှိအခြေအနေမှာ လူနာနှင့် ဆရာဝန်အပါအဝင် အဆင့်ဆင့်သော ကျန်းမာရေးဝန်ထမ်းမမျှတမှုတို့နှင့်အတူ အထွေထွေလိုအပ်ချက်များရှိနေပြီဖြစ်ကြောင်းကို ကြားသိနေရပါတယ်။

အလားတူ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ပြည်သူ့ဆေးရုံကြီးဟာလည်း X-ray ဓာတ်မှန်ပညာရှင်မရှိခြင်း၊ မျက်စိအထူးကုဆရာဝန်မထားရှိခြင်း၊ လူနာတင်မော်တော်ယာဉ်မရှိခြင်း၊ မြို့လူထုအချိုးနဲ့ ဆေးရုံခွင့်ပြုခုတင် အချိုးမမျှတမှုများရှိကြောင်း ပြည်သူတို့၏တင်ပြချက်၊ ကိုယ်တိုင်လေ့လာတွေ့ရှိချက်များအရ သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ခုတင် ၁၀၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအား ခုတင် ၁၅၀၀ စံကိုက်ဆေးရုံကြီးအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အမရပူရမြို့နယ် ပြည်သူ့ဆေးရုံအား X-ray ဓာတ်မှန်ပညာရှင်၊ လူနာတင်မော်တော်ယာဉ်၊ မျက်စိအထူးကုဆရာဝန် ထားရှိဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ခုတင် ၅၀ စံကိုက်ဆေးရုံအဖြစ်တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိတို့အား သိရှိလိုပါကြောင်းနှင့် ဆောင်ရွက်ပေးမှု အစီအစဉ်များရှိလျှင် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိရှိလိုပါကြောင်း လေးစားစွာမေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင့်။ ကျွန်မအနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၏ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး၊ ဒေါက်တာသိန်းသိန်းဌေးမှ ဖြေကြားမှာ ဖြစ်ပါတယ်။ မန္တလေးပြည်သူ့ဆေးရုံကြီးသည် ခုတင် ၁၀၀၀ ဆံ့ ဆေးရုံအဖြစ် ဝန်ထမ်းအင်အား ၁၆၆၃ ဦးဖြင့် ၁၃-၃-၂၀၁၃ ရက်နေ့တွင် ခွင့်ပြုမိန့်ထုတ်ပြန်ခဲ့ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဆေးရုံလုပ်ငန်းဆောင်ရွက်မှုများကို ကျန်းမာရေးဝန်ကြီးဌာနမှ ဆန်းစစ်ချက်အရ တစ်နေ့ပျမ်းမျှ အတွင်းလူနာပေါင်း

၁၀၅၉ ဦးရှိကြောင်းနှင့် ခွင့်ပြုခုတင်သုံးစွဲမှုရာခိုင်နှုန်းသည် ၁၀၅.၉ ရာခိုင်နှုန်းရှိပါတယ်။ သို့ဖြစ်ပါ၍ ဆေးရုံ အရည်အသွေးမြှင့်တင်ရေးကို ရည်ရွယ်လျက် ပါမောက္ခဆေးပညာနှင့် ပါမောက္ခ(ခွဲစိတ်)၊ အထူးကု ဆရာဝန်ကြီးများနှင့် အထူးကုဆရာဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်ရှိ ဆေးရုံအုပ်၊ ဓာတ်ရောင် ခြည်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းများအင်အားဖြင့် ဖွဲ့စည်းပုံ မြှင့်တင်ရေးအတွက် ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ်အတွင်း စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း နှင့် ခုတင် ၁၅၀၀ ဆံ့ဆေးရုံအဖြစ်သို့မူ အဆင့်မြှင့်တင်ရန် အစီအစဉ်မရှိသေးပါကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ပြည်သူ့ဆေးရုံတွင် ဖွဲ့စည်းပုံအရ ဓာတ်မှန်ကျွမ်းကျင်ဝန်ထမ်းများ ခွင့်ပြုအင်အား မရှိသေးတဲ့အတွက်ကြောင့်မို့လို့ လောလောဆယ် ကျွန်မတို့ ခန့်ထားနိုင်ခြင်းမရှိပါဘူး။ ဒါပေမယ့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ပြည်သူ့ ဆေးရုံရှိ သင့်လျော်သော ဝန်ထမ်းတစ်ဦးအား မန္တလေးတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန အစီ အစဉ်ဖြင့် ဓာတ်မှန်အကျဉ်းချုံးသင်တန်းပေး၍ တာဝန်ချထားဆောင်ရွက်ပါရန် ကျန်းမာရေးဦးစီးဌာန (ရုံးချုပ်)မှ မန္တလေးတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနသို့ ၁၄-၁-၂၀၁၄ ရက်စွဲပါစာဖြင့် အကြောင်း ကြားဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဗဟိုအဆင့်ဆေးရုံကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဆေးရုံကြီးများအား လူနာတင်ယာဉ်များ ထောက်ပံ့ပေးခဲ့ပြီး ခရိုင်အဆင့် ဆေးရုံအချို့ အတွက် ဦးစားပေးအစီအစဉ်အလိုက် လူနာတင်ယာဉ်များထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ လက်ရှိအခြေ အနေအရ ထောက်ပံ့ပေးလိုသော်လည်း မြို့နယ်အဆင့် ဆေးရုံများအတွက်မူ လူနာတင်ယာဉ်ထောက်ပံ့ ပေးနိုင်ခြင်းမရှိသေးဘဲ ထောက်ပံ့ပေးနိုင်ရန်အတွက် ကျွန်မတို့ကြိုးစားဆောင်ရွက်လျက်သာ ရှိပါသေး တယ်။ အချို့မြို့နယ်များတွင်မူ ပုဂ္ဂလိကအလှူရှင်/စေတနာရှင်များမှ လှူဒါန်းထားသော လူနာတင် ယာဉ်များကို အသုံးပြုလျက်ရှိရပါတယ်။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန် ဝယ်ယူဖြည့်ဆည်းခဲ့သည့် အရေးပေါ်လူနာ တင်ယာဉ်များအား လူနာတင်ယာဉ်လိုအပ်လျက်ရှိသည့် ဗဟိုအဆင့်ဆေးရုံကြီးများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဆေးရုံကြီးများသို့ လုပ်ငန်းလိုအပ်ချက်အရ ဦးစားပေးအစီအစဉ်အတိုင်း ခွဲဝေ ထောက်ပံ့ရန်အတွက် စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမရပူရမြို့နယ်၊ ပြည်သူ့

ဆေးရုံအတွက် လတ်တလောအခြေအနေအရ လူနာတင်ယာဉ် ထောက်ပံ့ပေးရန် အစီအစဉ်မရှိသေး ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်။

အလားတူပဲ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ပြည်သူ့ဆေးရုံ၏ ဖွဲ့စည်းပုံတွင် အထူးကုဆရာဝန်(မျက်စိ) အင်အားမရှိပါသဖြင့် ခန့်ထားပေးနိုင်ခြင်း မရှိသေးပါ။ မန္တလေးတိုင်း ဒေသကြီး၊ အမရပူရမြို့နယ် ပြည်သူ့ဆေးရုံတွင် လက်ရှိအရာထမ်း သုံးဦး၊ အမှုထမ်း ၁၄ ဦး စုစုပေါင်း ဝန်ထမ်း ရာထူး ၁၇ ဦးဖြင့် ဆေးရုံလုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၏ တင်ပြသွားတဲ့အတိုင်းပဲ ကျွန်မတို့ ဒီဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုပေးနိုင်ရန်အတွက် အရာထမ်း ခြောက်နေရာ၊ အမှုထမ်း ၄၉ နေရာ စုစုပေါင်း ၅၅ နေရာပါဝင်သော စံကိုက်ဖွဲ့စည်းပုံဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက် ဝန်ထမ်းအင်အားဖွဲ့စည်းပုံ အဆိုပြုချက်များအား စီမံကိန်းနှင့် ဖွဲ့စည်းပုံ စစ်ဆေးရေးအဖွဲ့သို့ ၁၉-၁၂-၂၀၁၃ ရက်စွဲပါစာဖြင့် ပေးပို့၍ သဘောထား မှတ်ချက်တောင်းခံထားပြီး ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ နည်းဥပဒေခွဲ ၁၄၄ (ဃ)အရ တစ်ဆက်တစ်စပ်တည်း မေးခွန်းအား မေးမြန်းခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ X- Ray ဓာတ်မှန်ပညာရှင်က ဘာကြောင့်မရရှိသေးတာလဲ။ ဘယ်လိုပညာရှင်မျိုး မွေးထုတ်ဖို့ရာအတွက် ခဲယဉ်းနေတာတုန်းဆိုတဲ့ ဟာရယ် နောက်မျက်စိပညာရှင်မရှိသေးဘူးဆိုတာက ကျွန်တော်တို့နိုင်ငံမှာ မျက်စိပညာရှင်တွေ မရှိလို့၊ မလုံလောက်လို့ ခန့်ထားခြင်းမပြုနိုင်တာလား။ ဒီအချက်ကလေးတွေကို ကျွန်တော်တို့အနေနဲ့ သိချင်ပါတယ်။ ဒါကြောင့် ခုတင် ၅၀ စံကိုက်ကိုတော့ ဒါဘယ်အချိန်မှာများစပြီးတော့ ဆောင်ရွက်ပေး နိုင်မည်ဆိုတာလေး ကျွန်တော်တို့အနေနဲ့ သိရှိလိုပါတယ်။ နောက် လူနာတင်မော်တော်ယာဉ် အနေ အထားအရ မည်သည့်အခက်အခဲကြောင့် မြို့နယ်အဆင့်ဆေးရုံများကို မပေးအပ်နိုင်တာလဲဆိုတာ လည်း ကျွန်တော်တို့အနေနဲ့သိရှိလိုပါတယ်။ ဘတ်ဂျက်အရလား။ သို့တည်းမဟုတ် မည်သည့်အတွက် ကြောင့်ဆိုသည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ မန္တလေးတိုင်းဒေသကြီး၊

အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဆက်လက်၍ မေးမြန်းသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ကျွန်မဖြေကြားမှာဖြစ်ပါတယ်။ ကျွန်မတို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဒီဓာတ်မှန်ဝန်ထမ်းများနဲ့ ဓာတ်မှန်ကျွမ်းကျင်ဝန်ထမ်းများ ခန့်ထားဖို့အတွက်ကတော့ ကျွန်မတို့ ဓာတ်မှန်ကျွမ်းကျင်ဝန်ထမ်းများ ထုတ်လုပ်မှုရှိပါတယ်။ ဆေးဘက်ဆိုင်ရာပညာသင်ကျောင်းကနေ ပြီးတော့မှ ဒါပေမယ့် ကလေးများအောင်လာပြီးတဲ့အခါမှာ ဒီလုပ်ငန်းခွင်ကိုဝင်ဖို့ ခေါ်တဲ့အခါမှာ သူတို့လျှောက်ထားမှသာလျှင် ကျွန်မတို့က ခန့်ထားလို့ရပါတယ်။ အဲဒီတော့ အလားတူပဲ ဓာတ်မှန်ကဲ့သို့ အခြားအခြားသော ဆေးဘက်ပညာသင်များ၊ သင်တန်းဆင်းများသည် အစိုးရဌာနရဲ့ ပြည်သူ့ဆေးရုံကြီးများမှာ လုပ်ငန်းဝင်ရောက်ဖို့အတွက် ဒီထက်ပိုပြီးလျှောက်ထားဖို့ကိုလည်း ကျွန်မတို့ တက္ကသိုလ်မှာတက်စဉ်ကတည်းကလည်း စည်းရုံးပြီးတော့ ဆောင်ရွက်ပါတယ်။ နည်းမျိုးစုံနဲ့ ကျွန်မတို့ စည်းရုံးပြီးတော့ ပိုမိုအလုပ်လျှောက်ထားကြဖို့အတွက် ဆောင်ရွက်ပါတယ်။ လောလောဆယ်မှာ ကျွန်မတို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ လူများခန့်ထားဖို့အတွက်အနေအထားမှာ ဆရာဝန်ရော၊ သူနာပြုရော ကျွန်မတို့ရဲ့ ထုတ်လုပ်နိုင်တဲ့အရေအတွက်ဟာ ယခင်တုန်းက ဖွဲ့စည်းပုံခွင့်ပြုချက်ရခဲ့တဲ့ အနေအထားနဲ့စာရင် ကျွန်မတို့ ခန့်ထားနိုင်တဲ့အင်အားကများခဲ့ပြီးတော့ အပြင်မှာ လုပ်ငန်းခွင်ကိုဝင်ဖို့ အရေအတွက်က အဆင်သင့်ရှိနေသော်လည်းပဲ ကျွန်မတို့အုပ်ချုပ်ရေးစနစ်အသစ်မှာ နိုင်ငံတော်ကနေ ကျန်းမာရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းများကို ပိုမိုအားဖြည့်ဆောင်ရွက်ပေးခဲ့တဲ့ အားလျော်စွာ ဖွဲ့စည်းပုံများတင်လိုက်တဲ့အခါမှာ ဖွဲ့စည်းပုံအင်အားရဲ့ တိုးချဲ့ပြီးတော့ ဝန်ထမ်းတွေ ပိုမိုလိုအပ်တဲ့အရေအတွက်ဟာ ထုတ်လုပ်နိုင်တဲ့အင်အားထက် အဆပေါင်းများစွာ မြန်မြန်လေးပဲများပါတယ်။ ဒါကြောင့်မို့လို့ ဆရာဝန်သော်လည်းကောင်း၊ သူနာပြုသော်လည်းကောင်း၊ သားဖွားဆရာမသော်လည်းကောင်း၊ အထောက်အကူပြုဆေးဘက်ဆိုင်ရာဝန်ထမ်းများသော်လည်းကောင်း ဒီလိုခန့်ထားမှု အနေအထားမှာ ကျွန်မတို့ အခက်အခဲတွေ လက်ရှိမှာ ကွာဟချက်တွေရှိနေပါတယ်။ ဒါကို သိရှိသောအားဖြင့်လည်း ထုတ်လုပ်မှုပိုင်းဆိုင်ရာမှာ ပိုပြီးတော့ ထုတ်လုပ်ပေးနိုင်ဖို့ နံပါတ်(၁) ကျွန်မတို့ကြိုးစားပြီးတော့ ဆောင်ရွက်နေပါတယ်။ အလားတူပဲ ဘွဲ့ရပြီးထွက်လာတဲ့ ကလေးတွေဟာ အစိုးရဌာနရဲ့ လုပ်ငန်းများကို ပါဝင်ဆောင်ရွက်လိုပြီးတော့ လျှောက်ထားလာကြဖို့အတွက်လည်း ကျွန်မတို့စည်းရုံးပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ မျက်စိဆရာဝန်လည်း ဒီအတိုင်းပါပဲ။ အခု ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ ကျွန်မတို့အဖွဲ့အားလုံး တိုင်ပင်နေတာကတော့ အရင်တုန်းက လိုမျိုး တစ်နှစ်ဒီပလိုမာသင်တန်းတက်ပြီးတော့ မျက်စိဘာသာရပ်နဲ့ဆိုင်တဲ့ ဒီပလိုမာ Course ကို ပြန်ပြီးတော့ လုပ်ဖို့တော့လိုလာပြီဆိုပြီးတော့ ကျွန်မတို့ဆွေးနွေးတိုင်ပင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မဟာဘွဲ့

သင်တန်းတက်ဖို့ နံပါတ်(၁) အလားတူပါပဲ။ အခြားအခြားသော ဒီ Clinical Subject များနဲ့စာလို့ရှိရင် မျက်စိအထူးကုသင်တန်းကို တက်လိုသူဦးရေနည်းပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ ဖွံ့စည်းပုံအရ ဖြည့်နိုင်တဲ့အင်အားမှာလည်း ခုနလိုပဲ ကွာခြားချက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာ နှစ်နှစ်တက်ရတဲ့ မဟာဘွဲ့သင်တန်းမဟုတ်ဘဲနဲ့ တစ်နှစ်တည်းနဲ့ မျက်စိ Diploma အရင်လို ယခင်ကရှိခဲ့ဘူးတဲ့ သင်တန်းများ ပြန်ပြီးတော့ဖွင့်နိုင်ဖို့လို့အတွက် ဒါကျွန်မတို့ ဆွေးနွေးတိုင်ပင်ပြီးတော့ ဆောင်ရွက်လျက် ရှိပါတယ်။ လူနာတင်ယာဉ်မှာကတော့ နိုင်ငံတော်အစိုးရကနေ စပြီးတော့မှ အဆပေါင်းများစွာတိုးမြှင့်ပြီးတော့ချထားပေးတဲ့ ကျန်းမာရေးအသုံးစရိတ်များနှင့်ပတ်သက်ပြီးတော့ သုံးစွဲရာမှာ ကျွန်မတို့မှာလည်း ဦးစားပေးလုပ်ငန်းတွေအများကြီးရှိပါတယ်။ ကျွန်မတို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဆန္ဒကတော့ ဆေးရုံရှိမယ်၊ ဆရာဝန်ရှိမယ်၊ လူနာရှိမယ်ဆိုရင် ကျွန်မတို့ စံအရအရေးပေါ်လူနာတင်ယာဉ်ဟာမဖြစ်မနေရှိရပါတယ်။ ဒါပေမဲ့ အဲ့ဒါဟာ ကျွန်မတို့ရဲ့ဆန္ဒဖြစ်ပြီးတော့ တကယ့်လက်တွေ့ဘဝမှာ ဒါကို ဖြည့်ဆည်းပြီးတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ ဆေးရုံအများကြီးကို ကျွန်မတို့ပေးနိုင်ဖို့လို့အတွက် ရန်ပုံငွေ အရလည်း ကျန်းမာရေးအသုံးစရိတ် အများကြီးပိုရတာမှန်သော်လည်းပဲ အခြားသောဦးစားပေး လုပ်ငန်းများနဲ့ခွဲဝေပြီးတော့ သုံးစွဲရတဲ့အတွက်ကြောင့်မို့လို့ အဓိကကတော့ ရန်ပုံငွေနှစ်အလိုက်သာ သုံးစွဲနိုင်သေးတဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ဒီမြို့နယ်အဆင့်အထိ လူနာတင်ယာဉ်ဆောင်ရွက်ပေး နိုင်ခြင်းမရှိသေးတာပဲဖြစ်ပါတယ်။ ခုနက ကျွန်မဖြေကြားသွားတဲ့အထဲမှာလည်း ကျွန်မတို့ ၁၉-၁၂-၂၀၁၃ ရက်စွဲပါနဲ့ ဒီစီမံကိန်းနှင့်ဖွံ့စည်းပုံစိစစ်ရေးအဖွဲ့ကို အမရပူရပြည်သူ့ဆေးရုံကြီးကို စံကိုက်ဖြစ်ဖို့လို့အတွက် ပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက် ဝန်ထမ်းအင်အားဖွဲ့စည်းပုံအဆိုပြုချက်များ တင်သွင်းထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါလည်းအခုနောက်ပိုင်းမှာ သိပ်ပြီးတော့အချိန်မကြာတော့တဲ့ အစဉ်အလာအရ မကြာခင်ကျလာခဲ့မယ်ဆိုရင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာသာ စံကိုက်အဖြစ် တိုးမြှင့်ပြီးတော့ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်ဆိုတဲ့အကြောင်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာထပ်မံဖြေကြားအပ်ပါတယ်ရှင်။ (သြဘာသံများ)

**လေရှီးမြို့နယ်နှင့် ဆွမ္မရာမြို့နယ်ခွဲ ပြည်သူ့ဆေးရုံတို့တွင် ဓါတ်မှန်ကျွမ်းကျင်ဝန်ထမ်း ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးရှိသီး၊ လေရှီးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရှိသီး(လေရှီးမဲဆန္ဒနယ် )။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာရေး ရောက်ရှိနေကြတဲ့ ဆရာတော်အရှင်သူမြတ်များနှင့် တိုင်းရင်းသားညီအကိုမောင်နှမများအားလုံး မင်္ဂလာပါလို့။ အမိနိုင်ငံတော်အတွင်း ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံသော အတူတကွလက်တွဲ နေထိုင်လိုစိတ်ရှိကြပါစေ။ အတူတကွလက်တွဲနေထိုင်လိုစိတ်ရှိအောင်လည်းပဲ မျှတသောစီမံခန့်ခွဲမှု၊ ပညာရေး၊ ကျန်းမာရေးအခွင့်အလမ်းမျှတနိုင်ကြပါစေ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီးဖြစ်ပါတယ်။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ စစ်ကိုင်းတိုင်း ဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့ ပြည်သူ့ဆေးရုံနဲ့ ဆွမ္မရာမြို့နယ်ခွဲ တိုက်နယ် ဆေးရုံတွေမှာ ဓာတ်မှန်ရိုက်ကိရိယာနှင့် ခွဲစိတ်ခန်းသုံးကိရိယာဟာ ယနေ့ထက်ထိ မရှိသေးတဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီဟာလေးကို ကျွန်တော်တို့ မဲဆန္ဒရှင်များဟာ တောင်ယာခုတ်ခြင်း၊ အမဲလိုက် ခြင်းနှင့် လယ်ယာလုပ်ငန်းခွန်အားကိုသာ အသုံးပြုပြီးတော့ လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ ကျိုးခြင်း၊ ပဲ့ခြင်းဆိုတဲ့ ဝေဒနာကို အမြဲတမ်းရရှိနိုင်တဲ့အတွက် ဓာတ်မှန်ဆေးရုံ ရှိသော ဟုမ္မလင်း၊ ခန္တီး၊ မုံရွာ၊ ကလေးမြို့များကိုသာ အစဉ်အမြဲသွားရောက်ပြီးတော့မှ ကုသနေရတဲ့အတွက် မလိုလား အပ်သော လူမှုဝန်ဆောင်စရိတ်များကျခံနေရတာကိုတွေ့ရှိရတဲ့အတွက် ဒါလေးကို ကျွန်တော့်အနေနဲ့ မဲဆန္ဒရှင်များရဲ့ လူမှုဒုက္ခကို ပြေပျောက်စေနိုင်ဖို့ရာအတွက် ၃၀-၄-၂၀၁၂ ရက်နေ့မှာ ကျန်းမာရေး ဝန်ကြီးဌာနကို လေရှီးမြို့နယ်အတွက် ဓာတ်မှန်ရိုက်စက်နှင့် ခွဲစိတ်ခန်းသုံး ကိရိယာများပံ့ပိုးပေးဖို့ အတွက် စာဖြင့်တင်ပြခဲ့တဲ့အခါမှာ ကျန်းမာရေးဝန်ကြီးဌာနကလည်းပဲ ၃၀-၆-၂၀၁၂ ရက်နေ့မှာ လိုက်လျောစွာဖြင့် ချပေးပြီးတော့မှ ကျွန်တော်တို့ကိုယ်တိုင်ပဲ လေရှီးမြို့ ပြည်သူ့ဆေးရုံကိုရောက် အောင်ပို့ထားခဲ့ပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော်ကနေပြီးတော့မှ ချပေးလိုက်တဲ့ အခုဓာတ်မှန် စက်နှင့် ဓာတ်မှန်ရိုက်ကိရိယာ ခွဲစိတ်ခန်းသုံးကိရိယာဟာ ယနေ့ထက်ထိ အသုံးပြုနိုင်ခြင်းမရှိပါဘူး။ ဘာကြောင့် ဒီလိုဖြစ်ရသလဲလို့ ကျွန်တော် သက်ဆိုင်ရာကိုမေးကြည့်တဲ့အခါမှာ ဓာတ်မှန်ရိုက် ကျွမ်းကျင်သူမရှိလို့ ကိရိယာဟာ ယနေ့ထက်ထိ ဒီလိုပဲ အခန်းထဲမှာ သိမ်းထားတာတွေ့ပါတယ်။ ဒါနဲ့

ဆက်စပ်ပြီးတော့မှ သက်ဆိုင်ရာအဆင့်ဆင့်ကိုမေးကြည့်လိုက်တဲ့အခါမှာလည်းပဲ လောလောဆယ် ခန့်အပ်ပေးဖို့ အစီအစဉ်မရှိသေးပါဘူး ဆိုတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်မဲဆန္ဒနယ်ရဲ့ ပြည်သူ လူထုရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေရှီးမြို့နယ်မှာ ဆွမ္မရာတိုက်နယ် ဆေးရုံ၊ လေရှီးပြည်သူ့ဆေးရုံတို့ဟာ နိုင်ငံတော်အနေနဲ့လည်းပဲ သိန်းသုံးလေးထောင်တန်အဆောက် အဦကြီးများဆောက်လုပ်ပြီးဖြစ်ပါတယ်။ ထို့အတူပဲ ကျေးဇူးရှင်ဆရာတော်ကြီး သီတဂူဆရာတော် လှူဒါန်းတဲ့ဆေးရုံလည်းပဲ သိန်းနှစ်ထောင်သုံးထောင်တန် ဆောက်လုပ်ပြီးစီးထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးခွန်းနံပါတ်(၁) နာဂဒေသပြည်သူ့ဆေးရုံတွေဖြစ်တဲ့ လေရှီး မြို့နယ်နှင့် ဆွမ္မရာမြို့နယ်ခွဲတို့မှာ ဓာတ်မှန်ကျွမ်းကျင် ဝန်ထမ်းခန့်အပ်ပေးနိုင်ရေးအတွက် ပထမ မေးခွန်းအနေနဲ့မေးမြန်းအပ်ပါတယ်။ ရှေ့ကဖြေသွားတဲ့မေးခွန်းပုံစံအတိုင်း တကယ်လို့များ ဓာတ်မှန် ကျွမ်းကျင်များ မခန့်ပေးနိုင်ဘူးဆိုလို့ရှိရင်လည်းပဲ ကျွန်တော့်မြို့ခံဒေသသား ဘွဲ့ရလူငယ်ကို ရွေးချယ် ပြီးတော့မှ စေလွှတ်လို့ရှိရင် လက်ခံနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များ ရှင်။ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီး၏ မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်မဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး နာဂဒေသ လေရှီးမြို့နယ် ပြည်သူ့ဆေးရုံမှာ ဖွဲ့စည်းပုံအရ ဆေးဘက် ကျွမ်းကျင် ၃၊ ဓာတ်မှန် ၁ ဦးနှင့် ဆေးဘက်ကျွမ်းကျင် ၄၊ ဓါတ်မှန် ၁ ဦးရှိသော်လည်း ဓာတ်မှန် ကျွမ်းကျင်ဝန်ထမ်းများ ကျွန်မဖော်ပြခဲ့သည့် အခြေအနေတိုင်း ခန့်ထားနိုင်ခြင်းမရှိသေးခြင်းဖြစ်ပါ တယ်။ ဆွမ္မရာမြို့နယ်ခွဲဆေးရုံမှာတော့ ဓါတ်မှန်ကျွမ်းကျင်ဝန်ထမ်း ခွင့်ပြုအင်အားမရှိသေးတဲ့ အတွက် မခန့်ထားနိုင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်မတို့ လုပ်ငန်းလည်ပတ်၍ ရနိုင်ဖို့အတွက် စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမြို့နယ် ပြည်သူ့ဆေးရုံနှင့် ဆွမ္မရာမြို့နယ်ခွဲဆေးရုံများမှာရှိတဲ့ သင့်လျော်သော ဝန်ထမ်းတစ်ဦးစီအား စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ဓာတ်မှန်အကျဉ်းချုံးသင်တန်းပေး၍ တာဝန်ချထားဆောင်ရွက်ပါရန် ကျန်းမာရေးဦးစီးဌာနမှ စစ်ကိုင်း

တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနသို့ ၂၀-၁၂-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ကုသ-၄/က-၂၂/၂၀၁၃/ ၃၅၅ ဖြင့် အကြောင်းကြားဆောင်ရွက်ထားရှိ ပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။

**ပြည်သူ့ဆေးရုံကြီးများ သို့မဟုတ် သင့်တော်ရာနေရာများတွင် ပြီးပြည့်စုံစွာ အဖြေရရှိမည့် ဓာတ်ခွဲခန်းများကို နိုင်ငံတော်မှဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင်စိုး သာကေတမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်စိုး(သာကေတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သကေတမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဓာတ်ခွဲခန်းများနဲ့ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်ဟာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အခုအခေါ် ဂျပန်ဆေးရုံကြီးမှာ လူနာသွားမေးခဲ့ပါတယ်။ အဲ့ဒီမှာ လူနာတွေရဲ့ အဓိကကျတဲ့ အခက်အခဲတွေကို ကျွန်တော်တွေ့မြင်ခဲ့ရပါတယ်။ ကျွန်တော်တို့ ဆရာဝန်ကြီးတွေဟာ လူနာကိုဆေးကုတဲ့အခါ အများအားဖြင့် သွေးအဖြေပေါ်မှာမူတည်ပြီးတော့ ကုသပေးတာကိုတွေ့ရပါတယ်။ သွေးအဖြေဟာ အဓိကကျပါတယ်။ ဒါပေမယ့် ဆေးရုံမှာသွေးအမျိုးအစား အနည်းအကျဉ်းသာ စစ်ဆေးနိုင်ပြီးတော့ များသောအားဖြင့် ပြင်ပမှာရှိတဲ့ ပုဂ္ဂလိကဓာတ်ခွဲခန်းများကိုသာ စေလွှတ်စစ်ဆေးနေတာ တွေ့ရပါတယ်။ ပြင်ပဓာတ်ခွဲခန်းများဟာ ဆေးရုံကြီးနဲ့အလှမ်းဝေးခြင်း၊ သွေးအဖြေချက်ချင်းမရလို့ နောက်ထပ်သွားရခြင်း၊ တစ်ခါတစ်ရံ လူနာအနေနဲ့လိုအပ်လို့ သွေးအကြိမ်ကြိမ် စစ်ဆေးရခြင်းနဲ့ ပြင်ပဓာတ်ခွဲခန်းများရဲ့ စစ်ဆေးခများအား ဈေးနှုန်းကြီးနေခြင်းများကြောင့် လူနာရှင်များဟာ အခက်အခဲများတွေ့နေရတယ်ဆိုတာကို ကျွန်တော်တွေ့မြင်ခဲ့ရပါတယ်။ ပြင်ပဓာတ်ခွဲခန်းများကို မှီခိုအားထားနေရခြင်းမှာ ဂျပန်ဆေးရုံကြီးတစ်ခုသာမကဘဲ အခြားနိုင်ငံတော်ဆေးရုံတော်တော်များများမှာလည်း ဒီလိုပဲဆောင်ရွက်နေကြတာကို ကျွန်တော်လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်ဆေးရုံကြီးများအနေနဲ့ ပြင်ပပုဂ္ဂလိကဓာတ်ခွဲခန်းများကို မှီခိုအားထားနေရတာဟာ မဖြစ်သင့်တဲ့ကိစ္စတစ်ခုဖြစ်တယ်လို့ ကျွန်တော်ခံယူရပါတယ်။ ပြင်ပပုဂ္ဂလိက ဓာတ်ခွဲခန်းများနည်းတူ နိုင်ငံတော်ကနေပြီးတော့ တာဝန်ယူဖွင့်လှစ်တဲ့ ဓာတ်ခွဲခန်းများရှိသင့်ပြီလို့ ကျွန်တော့်အနေနဲ့ထင်ပါတယ်။ ဒါကြောင့် ဓာတ်ခွဲခန်းများဟာ ပြည်သူများအတွက်မရှိမဖြစ်လိုအပ်တဲ့ လုပ်ငန်းဖြစ်တဲ့အတွက် နိုင်ငံတော်က အရည်အသွေး ပြည့်မီပြီးတော့ ပြီးပြည့်စုံစွာအဖြေရရှိမယ့် ဓာတ်ခွဲခန်းများကို ဖွင့်လှစ်ရန်အစီအစဉ်ရှိ/မရှိနဲ့ မည်သည့်ကာလမှာ

ဖွင့်လှစ်ပေးမည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများရှင်။ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ကေတမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုး၏ မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်မ ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ ပြည်သူ့ဆေးရုံကြီးများတွင် လူနာများ ပြင်ပဓာတ်ခွဲခန်းများတွင် သွေးစစ်ဆေးနေခြင်းများကို ဆောင်ရွက်နေရခြင်းမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသည့်အတိုင်း ကျွန်မတို့အားလုံးလည်း လက်တွေ့ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့နေရတဲ့အပြင် ကိုယ်တွေ့အတွေ့အကြုံများနှင့်လည်း အသီးသီးခံစားနေကြရတဲ့ ဖြစ်ရပ်မှန်ပဲဖြစ်ပါတယ်။ ဘာဖြစ်လို့အဲ့လိုဖြစ်ရလဲဆိုတာကို ကျွန်မတို့လေ့လာဆန်းစစ်ကြည့်တဲ့အခါမှာ ပြည်သူ့ဆေးရုံကြီးတွေမှာ တက်ရောက်နေကြတဲ့ လူနာများရဲ့အချို့ ဓါတ်ခွဲစစ်ဆေးခြင်းများကို ပြင်ပဓာတ်ခွဲခန်းများမှာ ဆောင်ရွက်နေရခြင်းကတော့ (က) အချို့ဆေးရုံဓာတ်ခွဲခန်းများဟာ ဝန်ထမ်းအင်အားအခြေအနေ၊ စက်အင်အားအခြေအနေကြောင့် ၂၄ နာရီအပြည့် ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ ပြင်ပဓာတ်ခွဲခန်းကို ရုံးချိန်ပြင်ပများမှာ သွားရောက်စစ်ဆေးနေတာတွေ တွေ့ရှိရပါတယ်။ (ခ) အချို့သော ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများဟာ စစ်ဆေးရန်စက်ပစ္စည်းရှိသော်လည်း Reagent လို့ခေါ်တဲ့ ကျွန်မတို့ စစ်ဆေးမှုများမှာ သုံးရတဲ့ပစ္စည်းအနေနဲ့ ဈေးနှုန်းကြီးမြင့်တယ်။ နောက် တစ်ခါတစ်ရံမှာ စမ်းသပ်စစ်ဆေးမှု Test အရေအတွက်နည်းပါးခြင်း၊ တချို့စစ်ဆေးတာက သူက ၅ ယောက်ပြည့်မှ သို့မဟုတ် ၁၀ ယောက်၊ အယောက် ၂၀ ပြည့်မှ အစရှိသဖြင့် ဖြစ်တဲ့အခါမှာ ကျွန်မတို့က တစ်ယောက်ကိုစစ်ရင် အယောက် ၂၀ စာသုံးစွဲလိုက်သလိုမျိုး ဖြစ်တဲ့အတွက်ကြောင့်လည်း နိုင်ငံတော်ဆေးရုံများမှာ စရိတ်စကကြောင့် မစစ်ဆေးနိုင်ကြတဲ့ အခြေအနေတွေကို တွေ့ရပါတယ်။ အလားတူပဲ နောက်တစ်ချက်အနေနဲ့ ပြင်ပဓာတ်ခွဲခန်းများမှာ စီးပွားရေးအရ Media များမှတစ်ဆင့် ကြော်ငြာအားကောင်းမှုရှိသော်လည်း ကျွန်မတို့ နိုင်ငံတော်ပိုင်ဆေးရုံများရဲ့ ဓာတ်ခွဲခန်းများကတော့ လူသိနည်းတယ်။ အဲ့ဒီလိုမျိုးကြော်ငြာခြင်း၊ သတင်းစာများတွင် ထည့်သွင်းခြင်းနည်းတဲ့ အချက်များကိုလည်းတွေ့ရပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ ပြင်ပဓာတ်ခွဲခန်းများမှာ ပြည်သူ့ဆေးရုံကြီးများမှ လူနာများရဲ့သွေးစစ်ဆေးခြင်းများအတတ်နိုင်ဆုံးမဖြစ်ပေါ်စေဖို့လို့အတွက် ပြီးပြည့်စုံစွာ အဖြေရရှိမည့် ဓာတ်ခွဲခန်းများဖွင့်လှစ်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနကနေပြီးတော့မှ ကျွန်မတို့ ဒါအားလုံးစုပေါင်းညှိနှိုင်းစီစဉ်ပြီးတော့ အောက်ပါအတိုင်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒါကတော့ ပြီးပြည့်စုံသော ဓာတ်ခွဲခန်းများကို သင့်လျော်သော နိုင်ငံတော်ပြည်သူ့ဆေးရုံကြီးများမှာ ပထမဦးဆုံး ဆောလျင်စွာ တည်ထောင်နိုင်ရေးအတွက် ဦးစားပေးအစီအစဉ်အရ အမျိုးသားဓာတ်ခွဲလုပ်ငန်း မဟာဗျူဟာစီမံချက် (National Laboratory Strategic Plan) ကို ရေးဆွဲပြီးတော့ ချမှတ်ဆောင်ရွက်ပါတယ်။ လောလောဆယ် အနေအထားအရတော့ နိုင်ငံတကာအဆင့်မီ ပြီးပြည့်စုံသောဓာတ်ခွဲခန်း၊ ပြီးပြည့်စုံလုနီးပါး ဓာတ်ခွဲခန်းများကို ဗဟိုအဆင့်ဆေးရုံကြီးများမှာ တည်ထောင်သင့်သည့် အားလျော်စွာ ကျွန်မတို့ ရန်ကုန်မြို့မှာရှိတဲ့ ဆေးရုံကြီး နှစ် ရုံ သို့မဟုတ် သုံး ရုံ အထိမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းမှာ ဒါအကောင်အထည်ဖော်ဆောင်ရွက်ဖို့လို့အတွက် ကျွန်မတို့ စီစဉ်လျက်ရှိပါတယ်။ အလားတူပဲ ဗဟိုအဆင့်ဆေးရုံများရှိ ဓာတ်ခွဲခန်းများအနေနှင့်သော်လည်းကောင်း တိုင်းဒေသကြီး/ပြည်နယ် အဆင့်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ တိုက်နယ်အဆင့်ဆေးရုံမှာ အဆင့်အလိုက်ရှိတဲ့ ဓာတ်ခွဲခန်းများမှလည်းကောင်း သတ်မှတ်သောစံနှုန်းများနှင့်အညီ ၂၄ နာရီ အပြည့်အဝလည်ပတ်နိုင်ရေးအတွက် နိုင်ငံတော်၏လမ်းညွှန်မှု၊ ကူညီပံ့ပိုးမှုများဖြင့် လိုအပ်သောဓာတ်ခွဲဝန်ထမ်းနှင့် ဓာတ်ခွဲစက်ပစ္စည်းကိရိယာများ ဖြည့်ဆည်းရေးကို ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ နှစ်စဉ်ရေတိုရေရှည်စီမံချက်များ ချမှတ်လျက်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံပိုင်ဆေးရုံများရှိ ဓာတ်ခွဲခန်းများအား ပြည်သူလူထု ပိုမိုယုံကြည်အားကိုးလာရေး ပိုမိုသိရှိလာစေရေးအတွက်လည်း မီဒီယာများမှာ ကြော်ငြာနိုင်ရေးနဲ့ ဆောင်းပါးနှင့် သတင်းအချက်အလက်များ ရေးသားဖော်ပြနိုင်ရေးအတွက် စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိပါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက အမျိုးသားပညာရေးဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း၊ ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ မှာ အမျိုးသားပညာရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီနဲ့ ပညာရေးဝန်ကြီးဌာနက တင်သွင်းဖို့အစီအစဉ်ပဲ ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာကော်မတီ၊ သက်ဆိုင်ရာဝန်ကြီးဌာနများကို အလျဉ်းသင့်လို့ တင်ပြအသိပေးရမှာရှိပါတယ်။ ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီက ရေးဆွဲခဲ့တဲ့ အမျိုးသားပညာရေးဥပဒေကြမ်းကို လွှတ်တော်က ၁၀-၃-၂၀၁၄ ရက်နေ့မှာ ရရှိခဲ့ပါတယ်။ ၁၂-၃-၂၀၁၄ ရက်နေ့မှာ ကိုယ်စားလှယ်များထံဖြန့်ဝေထားခဲ့ပြီးဖြစ်ပါတယ်။ အလားတူ ပညာရေး ဝန်ကြီးဌာန ကရေးဆွဲတဲ့ အမျိုးသားပညာရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က စတင်ဆွေးနွေးရန် ပြည်ထောင်စုလွှတ်တော်ရုံးရဲ့ ၁၂-၃-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁/ပထ(စည်းဝေး)၁၀/၂၀၁၄-၁၀၆ ဖြင့်ပေးပို့လာတဲ့အတွက် အဲဒီနေ့မှာပဲ လက်ခံရရှိခဲ့ပါတယ်။ ဒီနေ့မနက်မှာ ကိုယ်စားလှယ်များထံ ပညာ ရေးဝန်ကြီးဌာနရဲ့ ဥပဒေကြမ်းကို ဖြန့်ဝေပြီး ဖြစ်ပါတယ်။ သမိုင်းကြောင်းလေးရှိပါတယ်။ ဒါကတော့ ပညာရေးမြှင့်တင်မှုကော်မတီက ပညာရေးနှင့်စပ်လျဉ်းတဲ့ဥပဒေကြမ်း ၅ ခုဖြစ်တဲ့ ၂၀၁၂ ခုနှစ် စာစစ် အဖွဲ့ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် မြန်မာစာအဖွဲ့ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် တက္ကသိုလ်ပညာရေးဥပဒေ ကြမ်း၊ ၂၀၁၂ ခုနှစ် အခြေခံပညာရေးဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် ပညာရေးသုတေသနဥပဒေကြမ်း တို့ကိုရေးဆွဲပြီး ၂၀၁၂ ခုနှစ် မတ်လက ဒီလွှတ်တော်သို့တင်သွင်းခဲ့ပါတယ်။ စာစစ်အဖွဲ့ဥပဒေကြမ်းနှင့် အခြေခံပညာရေးဥပဒေကြမ်းနှစ်ခုဟာ ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးပြင်ဆင်ချက်နဲ့ အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှာ ဆွေးနွေးပြီးလို့ ပြင်ဆင်ချက်နှင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့တဲ့အဆင့်သို့ ရောက်ရှိခဲ့ပါတယ်။ ကျန်တဲ့ဥပဒေ ကြမ်းသုံးခုကလည်း ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာများ တင်သွင်းပြီးလို့ ကိုယ်စားလှယ်များ ဆွေးနွေးမယ့်အဆင့်အထိ ရောက်ခဲ့ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်း အဝေး (၁၈)ရက်မြောက်နေ့ဖြစ်တဲ့ ၃၁-၇-၂၀၁၃ ရက်နေ့မှာ တက္ကသိုလ်ပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ကိုယ်စားလှယ်များဖြစ်တဲ့ ဒေါ်တင်နွယ်ဦး၊ ဦးသိန်းညွန့်၊ သူရဦးအောင်ကို၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတို့ ဆွေးနွေး တင်ပြခဲ့ပါတယ်။ အဲဒီဆွေးနွေးချက်တွေအရ တက္ကသိုလ်ပညာရေးဥပဒေကို ပိုမိုပြည့်စုံကောင်းမွန်

အောင် ဆောင်ရွက်သွားရန်အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၈ နည်းဥပဒေခွဲ(င)အရ ဆွေးနွေးခြင်းကို ရွှေ့ဆိုင်းပြီး ဥပဒေကြမ်းကော်မတီ၊ ကော်မရှင်နှင့် ယင်းဥပဒေကြမ်းကို စိတ်ဝင်စားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနတို့ ညှိနှိုင်းရေးဆွဲ၍ ဥက္ကဋ္ဌထံ တင်ပြရန် တင်ပြချက်အပေါ် မူတည်ပြီး လွှတ်တော်ရဲ့ဆန္ဒရယူ၍ ဆက်လက်ဆောင်ရွက်သွားရန် ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်ဆက်စပ်ပြီး ကျန်ပညာရေးဆိုင်ရာဥပဒေကြမ်း ၄ ခုကိုလည်း ဆက်လက်ဆွေးနွေးခြင်းမပြုဘဲ ဆိုင်းငံ့ထားခဲ့ပါတယ်။ ဒီကာလအတွင်းမှာပဲ ပညာရေး မြှင့်တင်မှုကော်မတီက စိတ်ဝင်စားတဲ့ကိုယ်စားလှယ်များ၊ ပြင်ပပညာရှင်များ၊ အဖွဲ့အစည်းများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ အကြိမ်ကြိမ်အဖန်ဖန်ဆွေးနွေးပြီးနောက် အမျိုးသား ပညာရေးဥပဒေကြမ်းကို လွှတ်တော်သို့ တင်ပြလာခြင်း ဖြစ်ပါတယ်။ အဲဒီလိုပါပဲ ပညာရေးဝန်ကြီး ဌာနကလည်း ဝန်ကြီးဌာနကရေးဆွဲတဲ့ အမျိုးသားပညာရေးဥပဒေကြမ်းကိုလည်း ပြည်ထောင်စု လွှတ်တော်မှတစ်ဆင့် ယခု ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့တာဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှစ်ခုဟာ လွှတ်တော် အတွင်းမှာရော၊ လွှတ်တော်ပြင်ပမှာရော လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနနဲ့ ပညာရှင်များ၊ ပြည်သူများပါဝင်ဆွေးနွေး အကြံပြုရေးဆွဲတာဖြစ်လို့ တစ်ပေါင်းတည်းဆွေးနွေးသွား ခြင်းအားဖြင့် ပိုမိုကောင်းမွန်တဲ့ ဥပဒေကောင်းတစ်ခုဖြစ်ပေါ်လာမယ်လို့ သုံးသပ်ရရှိပါတယ်။ ဒါကြောင့်မို့လို့ အစီအစဉ်အရ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်ရေးကော်မတီက ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)အရ တင်သွင်းထားတဲ့ အမျိုးသားပညာရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဒေါက်တာချမ်းငြိမ်းအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာချမ်းငြိမ်း(ဥက္ကဋ္ဌ၊ ပညာရေးမြှင့်တင်မှုကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်း ဖြစ်ပါတယ်။ အမျိုးသားပညာရေးဥပဒေကြမ်းကို လက်ခံဆွေးနွေးနိုင်ရန် အဆိုတင်သွင်းသွားမှာဖြစ်ပါ တယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈ ပါ ပြဋ္ဌာန်း ချက်များနှင့်အညီ ပြည်သူများ၏ ပညာရေးတိုးတက်စေရန်အတွက် နိုင်ငံ့အကျိုး၊ နိုင်ငံတကာအဆင့်မီ

ခေတ်မီပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ မြန်မာနိုင်ငံတော်၌ ပညာရေးတိုးတက်မှုဆောင်ရွက်ရာတွင် ကဏ္ဍအသီးသီးကို မူကြိုကဏ္ဍမှ အဆင့်မြင့်ကဏ္ဍအထိ အသက်မွေးဝမ်းကြောင်းအပါအဝင် ကဏ္ဍအသီးသီးအတွက် ချိတ်ဆက်ပြီး နိုင်ငံတော်အတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်မည့် ပညာရေးဥပဒေတစ်ရပ်ဖြစ်သော အမျိုးသားပညာရေးဥပဒေကို ပြဋ္ဌာန်းနိုင် ရန် အဓိကလိုအပ်လာသဖြင့်အဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ကျိုးကြောင်း ဖော်ပြချက်ကို ဆက်လက်တင်ပြလိုပါတယ်။ မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ အစိုးရကျောင်းများနှင့်အတူ ကိုယ်ပိုင်ကျောင်းများကို ဖွင့်လှစ်ခွင့်ပြုခဲ့ပါတယ်။ ထို့အပြင် ရေရှည်တွင် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်း၊ ပုဂ္ဂလိကပိုင်တက္ကသိုလ်များ၊ ပုဂ္ဂလိကပိုင်ကောလိပ်များ၊ သင်တန်းဌာနများ ပေါ်ထွန်းလာမည်ဖြစ်ရာ အဆိုပါတိုးတက်မှုများနှင့်အညီ မြန်မာနိုင်ငံပညာရေးကိုလည်း ဗဟိုဦးစီး စနစ်ကို လျှော့ချပြီး တက္ကသိုလ်အလိုက်၊ ကျောင်းအလိုက် ပညာရေးကို လွတ်လပ်စွာဆောင်ရွက်နိုင် သော တည်ရှိရာနေရာဒေသရှိ လူနေမှုစနစ်တိုးတက်လာစေရန်နှင့် စီးပွားရေးတိုးတက်လာစေရန် သုတေသနဆောင်ရွက်နိုင်သော တက္ကသိုလ်ကျောင်းများ ဖြစ်ပေါ်လာစေရန် ဆောင်ရွက်လျက်ရှိရာ ပညာရေးဥပဒေများကိုလည်း ၎င်းဆောင်ရွက်ချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် လက်ရှိဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် လိုအပ်လာပါတယ်။ ထိုဥပဒေများအတွက် အဓိက အကျဆုံးဖြစ်သော မြန်မာနိုင်ငံ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်နှင့်ဆောင်ရွက်နိုင်ရန် ပညာရေးကဏ္ဍအသီးသီးအား အချင်းချင်းသော်လည်းကောင်း၊ နိုင်ငံတော်လိုအပ်ချက်များနှင့် ချိတ်ဆက်၍သော်လည်းကောင်း ဆောင်ရွက်ပေးမည့် အမျိုးသားပညာရေးဥပဒေကို ပြဋ္ဌာန်းရန် လိုအပ်လာပါတယ်။ ဤဥပဒေတွင် ကျောင်းသင်ပညာရေး၊ ကျောင်းပြင်ပပညာရေး၊ ကိုယ်တိုင်လေ့လာ သင်ယူသောပညာရေးစသဖြင့် ပညာရေးကဏ္ဍများတွင် ဆောင်ရွက်ရမည့်အခြေခံမူများကို ဖော်ပြ ထားပြီး ကျောင်းသင်ပညာရေးစနစ်တွင် ကဏ္ဍတစ်ခုနှင့်တစ်ခု ချိတ်ဆက်နိုင်ရန် အခန်းများ ဖော်ပြ ပါရှိရာတွင် တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံစံများ တိုးတက်ကောင်းမွန်စေရန် အတွက် ဆောင်ရွက်ရန်ဖော်ပြပါရှိပါတယ်။ ထို့အပြင် ကျောင်းသင်ပညာရေးစနစ်သည် ကျောင်းသား များ၏ စာတွေ့နှင့်လက်တွေ့ပေါင်းစပ်ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ချက်များလည်း ပါရှိပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံသားတိုင်းပညာသင်ယူခွင့်ရရှိရေး၊ ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များ ဖြစ်ပေါ်လာစေရေး၊ ကိုယ်ကျင့်တရားမြင့်မားပြီး ဘက်စုံထူးချွန်သည့် နိုင်ငံသားကောင်းများ

မွေးထုတ်ရေး၊ ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်နိုင်ရေး၊ တီထွင်ကြံဆသုတေသနပြုနိုင်ရေးနှင့် လူသားအရင်းအမြစ်ဖြစ်ဖို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံတွင် ယခင်ကမရှိခဲ့သေးသော ကွက်လပ်ဖြစ်နေသည့် ဤဥပဒေကို ပြဋ္ဌာန်းပေးရန် အဓိကလိုအပ်နေကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအထောက်အကူပြုမည့် အမျိုးသားပညာရေးဥပဒေမူကြမ်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ လက်ခံဆွေးနွေးပေးပါရန် လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားပညာရေးဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့်သက်ဆိုင်ရာကော်မတီသို့ လွှဲအပ်သွားမည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်ရာကော်မတီသို့ လွှဲအပ်ကြောင်းကြေညာပါတယ်ဆိုတာနဲ့ပတ်သက်လို့ အားလုံးပြန်လည်သိရှိနိုင်ဖို့အတွက် လွှတ်တော်ကို ကျွန်တော် တင်ပြပါမယ်။ ကျွန်တော်တို့လွှတ်တော်မှာ ကော်မတီပေါင်း ၂၄ ခု ဖွဲ့စည်းထားပါတယ်။ ကော်မတီများဟာ မိမိတို့ကော်မတီနဲ့ သက်ဆိုင်တဲ့ဥပဒေများ အသစ်ရေးဆွဲပြဋ္ဌာန်းတဲ့နေရာမှာ၊ ပယ်ဖျက်တဲ့နေရာမှာ၊ ပြင်ဆင်တဲ့နေရာမှာ အစားထိုးတဲ့နေရာမှာ ဒီကော်မတီများဟာ သက်ဆိုင်ရာဥပဒေများကို ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း၊ အတည်ပြုခြင်းများဆောင်ရွက်ရသလို ပြည်ထောင်စုအဆင့်အဖွဲ့ဝင်များက တင်ပြလာတဲ့ ဥပဒေကြမ်းများကိုလည်း ကော်မတီများကတစ်ဆင့် ဥပဒေကြမ်းကော်မတီနဲ့ ပူးပေါင်းပြီးတော့ ဆွေးနွေးဆောင်ရွက်ရန် ရှိပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီနဲ့ သက်ဆိုင်ရာကော်မတီသို့ လွှဲအပ်သွားမည်ဖြစ်ကြောင်းဆိုတဲ့ဟာကို ကြေညာထားခြင်းဖြစ်ပါတယ်။ ဆိုကြပါစို့ ဥပမာ- ကျန်းမာရေးဝန်ကြီးဌာနက ပေးပို့လာတဲ့ဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးဆုံးဖြတ်တဲ့အခါမှာ ဒီဥပဒေကြမ်းဆွေးနွေးနိုင်ဖို့အတွက် သက်ဆိုင်ရာဥပဒေကြမ်းကို ကျန်းမာရေးမြှင့်တင်မှုကော်မတီရယ်၊ ဥပဒေကြမ်းကော်မတီရယ်ကို လွှဲအပ်ပြီး ထိုကော်မတီကို ရောက်သွားတဲ့အခါမှာ ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်များ၊ အခြားပညာရှင်များ၊ အခြားလွှတ်တော်ကိုယ်စားလှယ်

များနှင့် ဒီကော်မတီများမှာ ဦးစွာ ဆွေးနွေးရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာကော်မတီနဲ့ ဥပဒေကြမ်းကော်မတီကို လွှဲပေးမယ်ဆိုတဲ့ အကြောင်းအရာဖော်ပြခဲ့တာ ဖြစ်ပါတယ်။

## ပညာရေးဝန်ကြီးဌာနက အမျိုးသားရေးဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပညာရေးဝန်ကြီးဌာနက အမျိုးသားပညာရေးဥပဒေကြမ်း တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာခင်စန်းရီ(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ ပညာရေးဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ပညာရေးဝန်ကြီးဌာနက တင်သွင်းတဲ့ အမျိုးသားပညာရေးဥပဒေကြမ်းကို လွှတ်တော်မှာ လက်ခံဆွေးနွေးပေးပါရန်အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ရှင့်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလမှာ ပညာရေးနှင့်ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ ချမှတ်နိုင်ရေးအတွက် အမျိုးသားအဆင့်ဆွေးနွေးပွဲတစ်ရပ်ကို နေပြည်တော်မှာ ကျင်းပခဲ့ပြီးတော့ ဆွေးနွေးပွဲရလဒ်အနေနဲ့ လိုအပ်တဲ့ပညာရေးပြုပြင်ပြောင်းလဲမှုများအတွက် ဘက်စုံလွှမ်းခြုံတဲ့ ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း(Comprehensive Education Sector Review-CESR)ကို ဆောင်ရွက်ရန် ညှိနှိုင်းရရှိခဲ့ပါတယ်။

ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များပါဝင်တဲ့ အဖွဲ့ဟာ CESR ကို ပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ် မတ်လမှာ လက်ရှိပညာရေးဆိုင်ရာအခြေအနေအချက်အလက်များကို လေ့လာဆန်းစစ်ပြီး ရရှိတဲ့ရလဒ်တွေကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီအကြံပြုချက်တွေကတော့ ဒီပညာရေးကဏ္ဍမှာ ပြုပြင်ပြောင်းလဲမှုတွေ အများကြီးလုပ်ဖို့နဲ့ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုအတွက် ပညာရေးမူဝါဒနှင့် ဥပဒေတစ်ရပ်ဖော်ထုတ်ဖို့ အချက်တစ်ချက်လည်း ပါဝင်ပါတယ်။ ဒီလိုဖြစ်တဲ့အတွက် ပညာရေးဝန်ကြီးဌာနနဲ့ ပညာရေးနှင့်ဆက်စပ်နေတဲ့ ဝန်ကြီးဌာနများမှာ ပညာရေးမူဝါဒနှင့်ဥပဒေတစ်ရပ် ရေးဆွဲဖို့ တာဝန်ရှိလာပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့မှာ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုအစည်းအဝေးကို ကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတကြီးက ပညာရေးကဏ္ဍနှင့် ပတ်သက်ပြီး ချက်ခြင်းပြုပြင်ပြောင်းလဲဆောင်ရွက်နေတာကို ဆောင်ရွက်ပေးဖို့နှင့် ကာလရှည်ပြုပြင်ပြောင်းလဲရေးအတွက် မူဝါဒများနှင့်အညီ အစီအစဉ်များ ချမှတ်ဆောင်ရွက်ဖို့ လမ်းညွှန်မှာကြားခဲ့

ပါတယ်။ လမ်းညွှန်ချက်နှင့်အညီ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး အထူးလုပ်ငန်းအဖွဲ့(Task Force)၊ ဘာသာရပ်နယ်ပယ်အသီးသီးမှ ပြင်ပပညာရှင်များ ပါဝင်သောအကြံပေးအဖွဲ့ (Advisory Board)၊ ပညာရေးပြုပြင်ပြောင်းလဲမှု အသေးစိတ်လေ့လာစိစစ်မည့် ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Working Group) ၁၈ ဖွဲ့တို့ကို ဖွဲ့စည်းပြီးတော့မှ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီ ၁၈ ဖွဲ့ထဲက တစ်ဖွဲ့ကတော့ ဥပဒေပညာရှင်များနှင့် ဖွဲ့စည်းထားတဲ့ ဥပဒေရေးရာအဖွဲ့ဖြစ်ပြီးတော့ အမျိုးသားပညာရေးဥပဒေကြမ်းကို ပြုစုခဲ့တာ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာ ဒေသန္တရအခြေပြုဆွေးနွေးပွဲ ၁၆ ခုကို ပြည်သူ့ဗဟိုပြုပြီး ကျွန်မတို့ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ပြီး ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် အကြံဉာဏ်နှင့် သဘောထားများကို စုစည်းရယူခဲ့ပါတယ်။

ဒီဆွေးနွေးပွဲတွေမှာ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မိဘပြည်သူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ ပြည်သူ့အခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များစသဖြင့် Stakeholder များနှင့် ကျယ်ကျယ်ပြန့်ပြန့် အခြေတင်ဆွေးနွေးခဲ့ပြီး နယ်ပယ်ကဏ္ဍအလိုက် ပါဝင်သင့်တဲ့ အကြောင်းအရာများကို ကျွန်မတို့ စုစည်းခဲ့ပါတယ်။

ဒီစုစည်းရရှိချက်တွေကို ဒေသန္တရအဆင့်ဆွေးနွေးချက်၊ ရရှိချက်များလို့ စုစည်းပြီးတော့မှ လုပ်ငန်းနယ်ပယ်အလိုက် လုပ်ငန်းအဖွဲ့များရဲ့ စိစစ်ဆောင်ရွက်ချက်များမှရရှိတဲ့ အကြံပြုတင်ပြချက်များကို အခြေခံပြီး အမျိုးသားပညာရေးမူဝါဒများနှင့်အမျိုးသားပညာရေးဥပဒေကြမ်းကို အစိုးရအဖွဲ့နဲ့ လွှတ်တော်အဆင့်ဆင့်တင်ပြနိုင်ရေးအတွက် ၂၀၁၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့နှင့် ၆ ရက်နေ့မှာ နေပြည်တော် MICC မှာ အမျိုးသားအဆင့်လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှု ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပပြီး အဖွဲ့ ၇ ဖွဲ့ခွဲ၊ အတည်ပြုညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ဒီဆွေးနွေးပွဲဟာ ဒီပညာရေးဥပဒေမူကြမ်းတစ်ခုကိုလည်း ဒါဆွေးနွေးခဲ့တဲ့ဟာ ပါဝင်ပါတယ်။ နောက်ပညာရေးဌာနက တင်သွင်းတဲ့ အမျိုးသားဥပဒေကြမ်းဟာ တစ်မျိုးသားလုံး ပညာရေးစနစ်ပြောင်းလဲမြှင့်တင်နိုင်ရေးအတွက် ရေးဆွဲထားခြင်းဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနက တာဝန်ယူထားတဲ့ ကျောင်း၊ တက္ကသိုလ်များ၊ ဆက်စပ်ဝန်ကြီးဌာနများက တာဝန်ယူထားတဲ့ တက္ကသိုလ်၊ ကျောင်းတွေအတွက်ပဲ ရေးဆွဲထားတဲ့ဥပဒေမဟုတ်ဘဲ ပြည်သူ့အခြေပြုဆွေးနွေးပွဲများက ရရှိတဲ့အချက်တွေကို အခြေခံပြီးရေးဆွဲထားတာ

ဖြစ်ပါတယ်။ ဥပမာ- တင်ပြရရင်တော့ အခြေခံပညာအနေနဲ့ ဒါဆွေးနွေးချက်တွေအရ အခြေခံပညာသင်ခွင့်ကို လူတိုင်းရရှိရေးအတွက် ဖြစ်ပါတယ်။ နိုင်ငံမှာ ကျေးရွာပေါင်း ၆၄၀၀၀ ရှိပါတယ်။ အဲဒီမှာ ပညာသင်ဌာနတွေရှိဖို့ ကျွန်မတို့ ဒါဆွေးနွေးကြပါတယ်။ ကျောင်းအဖြစ်မပေးနိုင်သေးတဲ့ Remote Area နောက် Conflict Area၊ New Settlement ဒီရွှေ့ပြောင်းလုပ်သားတွေ အများကြီးရှိတဲ့ နေရာမှာ ကလေးတွေကို ဘယ်လိုပညာသင်မလဲလို့ စဉ်းစားတဲ့အခါမှာ ပထမတစ်နည်းကတော့ Non Formal Education လို့ပြောတဲ့ ပြင်ပပညာရေးကိစ္စပဲ ဖြစ်ပါတယ်။ သို့ရာတွင် ကျွန်မတို့ဟာ ပြင်ပပညာရေးမဟုတ်ဘဲနဲ့ ကျောင်းနေအရွယ်မှာ ကျောင်းနေခွင့်မရတဲ့ ကလေးတွေအတွက် စဉ်းစားတဲ့အခါမှာ ကျောင်းဆောင်ရရှိရေးထက် ဆရာရရှိရေးဟာ ပိုအရေးကြီးတာဖြစ်တဲ့အတွက် CLC လို့ခေါ်တဲ့ Community Learning Centre ရပ်ရွာပညာပဒေသာမှာ Non Formal Education နဲ့အတူ ကျောင်းသင်ပညာရေး(Formal Education)မှာရရှိရေးအတွက် ကျွန်မတို့ ဆရာတစ်ယောက်ထားနိုင်ရေးအတွက် ဒီဟာတွေကို ဆွေးနွေးပါတယ်။ ကလေးတွေကို ပညာသင်ပေးဖို့ စဉ်းစားတဲ့အခါမှာလည်းပဲ တိုင်းရင်းသားဆရာဆရာမတွ ခန့်ထားနိုင်ရေးအတွက်ကော တိုင်းရင်းသားစာပေတတ်တဲ့ ဆရာဆရာမတွေအထိ ခန့်ပေးဖို့ စဉ်းစားခဲ့ပါတယ်။ အကယ်၍ ဥပဒေအနေနဲ့ CLC ရပ်ရွာပညာပဒေသာမှာ ကျောင်းပညာရေး၊ တိုင်းရင်းသားပညာရေးလောက် Non Formal Education နဲ့ တခြားလူမှုစီးပွားရေးပညာရပ်တွေကို ဒီဖြန့်ဖြူးတဲ့နေရာဖြစ်မယ်ဆိုရင် ကျွန်မတို့ဟာ လူတိုင်းပညာရရှိဖို့အတွက် ဆရာတစ်ယောက်နဲ့ နီးစပ်ဖို့အတွက် အခြေအနေတွေရှိလာမှာဖြစ်ကြောင်း ကျွန်မတို့ ဆွေးနွေးရရှိခဲ့ပါတယ်။ ကျောင်းမပေးနိုင်တောင်မှ ကျွန်မတို့ ဆရာပေးဖို့အတွက် စီစဉ်ဆောင်ရွက်ဖို့ ဒါစဉ်းစားတဲ့အချက်တွေ ပါရှိပါတယ်။ နောက်တစ်ခါ ခုနကပြောသလိုပဲ ပညာရေးမြှင့်တင်ဖို့ဟာ ဆရာဟာအရေးကြီးဆုံးဖြစ်ပြီးတော့ ဆရာအရည်အသွေးမြှင့်တင်ဖို့အတွက် ဆရာအတတ်သင်တွေ တိုးချဲ့ဖို့အတွက် ဒါတွေကို ဆွေးနွေးစီစဉ်ခဲ့ပါတယ်။ နောက်တစ်ခါ ဒီတတိယအချက်အနေနဲ့ကတော့ ပုဂ္ဂလိကကဏ္ဍဟာ အရေးကြီးဆုံးဖြစ်တယ်။ ကျွန်မတို့ပညာရေးက ဆောင်ရွက်နေတဲ့အပြင် ပုဂ္ဂလိကကဏ္ဍအလိုက်ဆောင်ရွက်နေတဲ့ ပညာရေးအစိတ်အပိုင်းဟာ အများကြီးဖြစ်ပြီးတော့ နိုင်ငံတကာအဆင့်မီပညာရေးဖြစ်ဖို့အတွက်ကော အဆင့်မြင့်ပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ပုဂ္ဂလိကကဏ္ဍရဲ့ပါဝင်မှုဟာ အများကြီးအရေးကြီးတယ်။ နောက်တစ်ခါ ပုဂ္ဂလိကကျောင်းတွေရဲ့အခန်းကဏ္ဍ၊ ပုဂ္ဂလိကဆရာတွေရဲ့အခန်းကဏ္ဍဟာ ကျွန်မတို့နိုင်ငံမှာ တော်တော်လေးကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေတဲ့အတွက် ဒီဟာတွေဟာ စနစ်တကျဥပဒေကြောင်းနှင့်အညီ ပြန်လည်စုစည်းဖို့ လိုအပ်လာပြီဆိုတာကိုလည်း ကျွန်မတို့ တွေ့ရှိခဲ့ရပါတယ်။ ဒါ့အပြင် ဒီ Quality ပညာရေး

အရည်အသွေးပြည့်တဲ့ ပညာရေးဖြစ်ဖို့ရယ်၊ တကယ်လို့ကျောင်းကထွက်သွားပြီဆိုရင်လည်း ဒီကျောင်းက ထွက်တဲ့ကျောင်းသားက တကယ်တတ်ဖို့၊ နောက်တစ်ခါအလုပ်အကိုင်ရရှိဖို့၊ နောက်တက္ကသိုလ်က ထွက်ရင်လည်း Professional ဖြစ်လာရေးအတွက် ဒါတွေအရေးကြီးတယ်လို့ ဆွေးနွေးတဲ့အတွက် ကျွန်မတို့ အမျိုးသားပညာရေးဥပဒေသာမက ဆက်စပ်ဥပဒေများကို လည်းဆက်လက်ရေးဆွဲဖို့ အစီအစဉ် ရှိပါတယ်ရှင်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ပညာရေးဝန်ကြီးဌာနက အမျိုးသားပညာရေးဥပဒေကြမ်းကို ကဏ္ဍစုံလင်စွာဖြင့် အခန်း ၁၄ ခန်း စာပိုဒ် ၈၀ ဖြင့် ရေးဆွဲတင်ပြအပ်ပါတယ်။ ဤဥပဒေကြမ်းဟာ ကာလတို လာမယ့်တစ်နှစ်၊ နှစ်နှစ်အတွက် ရေးဆွဲထားခြင်းမဟုတ်ဘဲ နောင်အနာဂတ် နောင်လာနောက်သားမျိုးဆက်သစ်တို့ရဲ့ ပညာရေးအဆင့်အတန်းတိုးတက်မြင့်မားလာရေးနှင့် အနာဂတ်မြန်မာနိုင်ငံရဲ့ကာလရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ထား၍ ရေးဆွဲထားပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနက တင်သွင်းသော အမျိုးသားပညာရေးဥပဒေကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ပေးပို့ပြီး အကြံပြုချက်ရယူဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ပညာရေးနှင့်ဆက်စပ်ဌာနများရဲ့ သုံးသပ်အကြံပြုချက်လည်း ရယူပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနက တင်သွင်းတဲ့ အမျိုးသားပညာရေးဥပဒေကြမ်းကို လွှတ်တော်တွင် လက်ခံဆွေးနွေးနိုင်ရေး လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တကယ်တမ်းလုပ်ထုံးလုပ်နည်းအရ ထပ်မံရှင်းပြရမယ်ဆိုရင် ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ ပြည်သူ့လွှတ်တော်မှာဆွေးနွေးဖို့ ရောက်ရှိလာတဲ့ဥပဒေကြမ်းကို လက်ခံရရှိပြီးနောက်ပိုင်းမှာ ဥပဒေကြမ်းကော်မတီကိုလွှဲအပ်ပြီး ဥပဒေကြမ်းကော်မတီရဲ့သုံးသပ်အကြံပြုချက်များနှင့် တင်ပြဖို့ဖြစ်ပါတယ်။ သို့ရာတွင် ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း ဒီဥပဒေကြမ်းကို အားကြိုးမာန်တက်ရေးဆွဲပြီးတော့ တပေါင်းတစည်းဆွေးနွေးပေးဖို့ဆိုတဲ့ ဆန္ဒရှိတာကိုလည်း သိတဲ့အတွက် တပေါင်းတစည်းဆွေးနွေးနိုင်အောင် အခုလိုထူးခြားစွာ စီစဉ်ပေးရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာတော့ မနေ့ကလည်း ပြည်ထောင်စုလွှတ်တော်မှာ ပြောခဲ့ပါတယ်။ နိုင်ငံနှင့် နိုင်ငံသားများ အကျိုးစီးပွားကို ဖြစ်ထွန်းစေသော ဥပဒေများပြဋ္ဌာန်းပေးဖို့ အဲ့ဒီလိုပြဋ္ဌာန်းတဲ့နေရာမှာ တကယ်ဒီဥပဒေကို အားလုံးလိုက်နာပြီး တရားမျှတတဲ့ဥပဒေဖြစ်ဖို့ ဒီလိုကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ မနေ့ကလို့ပြောတဲ့အကြောင်းက မနေ့ကပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဝင်ခါနီးမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြည်ထောင်စုတရားသူကြီးက ဝင်ပြီး ကျွန်တော့်ဆီတွေ့ပါတယ်။

တွေ့တဲ့အခါမှာ ဥက္ကဋ္ဌကြီး၊ နာယကကြီးသိတာတွေကို တင်ပြခြင်းဖြစ်ပါတယ်လို့ ပြောပါတယ်။ ပြောတဲ့အခါမှာ သိပြီဆိုတဲ့အတွက် တာဝန်ရှိပြီ။ ဒါကြောင့်မို့လို့ ဒီဥပဒေကို ပြန်လည်ဆွေးနွေးပြီးတဲ့ အခါမှာ ဥပဒေကြမ်းပူးပေါင်းကော်မတီရဲ့သုံးသပ်ချက် လွှတ်တော်ကိုတင်ပြီးတော့မှ ပြန်ပြီးဆွေးနွေး မယ်လို့ ဒီလိုပြောလိုက်တာ ရှိပါတယ်။ ကျွန်တော် ဒီလိုရှင်းလင်းပြနေတာက လွှတ်တော်အနေနဲ့ ဥပဒေ များ ပြဋ္ဌာန်းပေးတဲ့နေရာမှာ ဘက်စုံပါအကြံပြုမှုများကို အလေးထားပါတယ်။ ဒါသည် မနေ့က အကြောင်းပြောသလို အခြားအခြားအကြောင်းတွေလည်း ဒီလိုပါပဲ။ ဒါကြောင့် အခုလည်း သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနက တင်ပြလာတဲ့ဥပဒေကြမ်းအပေါ် လွှတ်တော်အနေနဲ့ နိုင်ငံအတွက်ကောင်းတဲ့ ဥပဒေကြမ်းတစ်ခုဖြစ်ရေးအတွက် အခုလိုလက်ခံပြီး အထူးအစီအစဉ်ကိစ္စရပ်အနေနဲ့ ဆောင်ရွက် ခြင်းဖြစ်ပါတယ်။ တချို့လည်း ဒီကိစ္စရပ်နှင့်ပတ်သက်ပြီးတော့ အမြင်တွေ၊ စိုးရိမ်မှုတွေ တစ်မျိုးတစ်မျိုး ရှိနိုင်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကတော့ ခုနက အမြင်ကျယ်ကျယ်သဘောထားပြီးတော့ ပွင့်လင်းမြင်သာမှုရှိအောင်ရယ်၊ တာဝန်ခံတာဝန်ယူမှုရှိအောင် အမြဲကြိုးစားလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ အခု ပညာရေးဝန်ကြီးဌာနက တင်သွင်းတဲ့ အမျိုးသားပညာရေးဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းတဲ့ အမျိုးသားပညာရေးဥပဒေကြမ်းနှင့် တပေါင်းတည်း ဆွေးနွေးဖို့လိုတယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနက တင်သွင်းတဲ့ အမျိုးသားပညာရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းတဲ့ အမျိုးသားရေးပညာရေးဥပဒေကြမ်းနှင့်တပေါင်းတည်း ဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသား ပညာရေးဥပဒေကြမ်းနှစ်ခုကို တပေါင်းတည်းဆွေးနွေးရန် အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်ရာကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒီအမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်ပြီးတော့ စခဲ့တာ ၂၀၁၂ ခုနှစ်အစ ကတည်းကပါ။ နှစ်နှစ်ကြာသွားပါပြီ။ လွှတ်တော်သက်တမ်းသုံးနှစ်ကျော်လာပါပြီ။ နောက် လ ၂၀ ( ၂ နှစ်ခန့်)မှာ လွှတ်တော်သက်တမ်းကုန်ဆုံးမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပညာရေးဟာ အရေးကြီးတယ်။ ပညာရေးမြှင့်တင်ဖို့လိုတယ်ဆိုပြီးတော့ လွှတ်တော်တွေ မပေါ်ခင်ကကော

လွှတ်တော်တွေ ပေါ်တဲ့အခါမှာ ပြောဆိုခဲ့ကြပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေဟာ အမြန်ဆုံးပေါ်ပေါက်ဖို့လိုပါတယ်။ ဒီသက်တမ်းမှာမှ ကျွန်တော်တို့ ဒီဥပဒေတစ်ရပ်ကို မပြဋ္ဌာန်းအတည်မပြုနိုင်ဘူးဆိုရင် ကျွန်တော်တို့တစ်တွေအားလုံး ညံ့ရာရောက်မယ်လို့လည်း တစ်ချိန်က ပြောခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရောက်ရှိထားတဲ့ ဥပဒေကြမ်းနှစ်ခုကို ပညာရေးမြှင့်တင်မှုကော်မတီရော၊ ပညာရေးဝန်ကြီးဌာနရော၊ သက်ဆိုင်ရာကျွမ်းကျင်သူများ အမြန်ဆုံးဆွေးနွေးပြီးတော့ အမြန်ဆုံးဥပဒေတစ်ရပ်ဖြစ်ရေး အရေးကြီးပါတယ်။ နောက်နှစ် ကျောင်းဖွင့်ချိန်နီးပါပြီ။ လွှတ်တော်ကလည်း မကြာခင်ရပ်နားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြီးခဲ့တဲ့အစည်းအဝေးတုန်းကလည်း ဥပဒေကြမ်းပူးပေါင်းကော်မတီအပါအဝင် ပညာရေးမြှင့်တင်မှုကော်မတီကိုလည်း ကျွန်တော် ဒါတွေ ထောက်ပြခဲ့တာရှိပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံအတွက် တကယ်လိုလားပြီးတော့ အားလုံးကလည်း ဆန္ဒရှိတဲ့ ဒီဥပဒေကြမ်းဖြစ်ရေးအတွက် ဝိုင်းဝန်းပြီးတော့ စေတနာထားပြီးတော့ ကြိုးစားပမ်းစား ဆောင်ရွက်ကြဖို့လည်း ကျွန်တော် အလျှဉ်းသင့်လို့ တိုက်တွန်းလိုပါတယ်။

## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်၍ သက်ဆိုင်ရာအား တင်သွင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် လေ့လာရေးကြွရောက်လာတဲ့ ဆရာတော် သံဃာတော်များနဲ့ လေ့လာရေးအဖွဲ့ဝင်ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပြောကြားလိုပါတယ်။ ဆက်လက်ပြီးတော့လည်း ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ၊ ကိုယ်စိတ်နှစ်လုံးရွှင်ပြုံးကြစေဖို့ မေတ္တာပို့သဆုတောင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးထင်အောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်း အတည်ပြုနိုင်ရေးအတွက် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးမှာ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းသင့်ကြောင်း အဆိုကို ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးအတည်ပြုခဲ့ပါတယ်။ ဒီလိုဆွေးနွေးအတည်ပြုခဲ့မှုနှင့်အညီ မိမိတို့အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ ဥပဒေကိုပြန်လည်စိစစ်သုံးသပ်ခဲ့ပြီးတော့ စိစစ်သုံးသပ်ချက်အရ ခေတ်စနစ်နဲ့အညီဖြစ်စေရေး၊ ပိုမို၍ပြည့်စုံစေရေး အက်ဥပဒေအနေနဲ့ နိုင်ငံတစ်ဝန်းလုံးကို အာဏာတည်ရှိစေရေး လုပ်ငန်းအမျိုးအစားများအားလုံးအကျုံးဝင် သက်ဆိုင်စေရေးတို့ကို ဦးတည်ခဲ့ပါတယ်။ ဒါ့ကြောင့် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခကြေးငွေနဲ့သော်လည်းကောင်း၊ လစာငွေနဲ့သော်လည်းကောင်း၊ ခွင့်ရက်နဲ့ အလုပ်ပိတ်ရက်များ ရရှိခံစားခွင့်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းများမှအပ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်နဲ့အလုပ်ဌာနများ၊ လုပ်ငန်းအမျိုးအစားအားလုံးမှာ လုပ်ကိုင်နေကြတဲ့ အလုပ်သမားများအားလုံးနဲ့အကျုံးဝင်သက်ဆိုင်စေဖို့၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်များကို ပိုမိုရရှိခံစားခွင့်ရှိစေဖို့၊ ကိုယ်ဝန်ဆောင်အမျိုးသမီးအလုပ်သမားများ မီးဖွားရာမှာ အကျိုးခံစားခွင့်တစ်ရပ်အနေနဲ့ မီးဖွားခွင့်ရက်ကို အခကြေးငွေဖြင့်ရရှိခံစားစေဖို့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO) ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှုရှိစေဖို့ စသည်တို့ကို ရည်ရွယ်ပြီးတော့ ပြင်ဆင်ရေးဆွဲခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့စိစစ်မှုအစီရင်ခံစာဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် လွှတ်တော်သို့လာရောက်လေ့လာ

ကြသူများအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်၊ ညောင်တုန်းမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးအောင်မြသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့ကိုယ်စား ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီအရင်ခံစာအား လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှပေးပို့လာသော ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်သူ့လွှတ်တော်တွင်စတင်ဆွေးနွေးရန် ပေးပို့လာပါသည်။

၂။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းတွင် အာဏာသက်ရောက်မှုရှိစေရန်၊

(ခ) ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ လုပ်ငန်းဌာနအားလုံး၊ လုပ်ငန်းအမျိုးအစားအားလုံးတွင် လုပ်ကိုင်နေကြသော အလုပ်သမားများအားလုံး ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များ အကျုံးဝင်ခံစားခွင့်ရရှိစေရန်၊

(ဂ) အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)၏ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိစေရန်၊

(ဃ) ကိုယ်ဝန်ဆောင်အမျိုးသမီး အလုပ်သမားများအတွက် မီးဖွားခွင့်ကို အခကြေးငွေဖြင့် ရရှိခံစားနိုင်စေရန်တို့ဖြစ်ပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၇-၃-၂၀၁၄ ရက်နေ့တွင် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ

တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ယင်းဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ(၁၂)ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ အောက်ပါအတိုင်းတွေ့ရှိရပါသည်။

(က) ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မပေါင်း (၁၃) ခု ပါဝင်ပါသည်။

(ခ) ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၂ ပုဒ်မခွဲ (၂) အား ပုဒ်မ ၁ ပုဒ်မခွဲ (၂) ကို ပယ်ဖျက်၍ ပုဒ်မခွဲ ၃ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(၃) ဤဥပဒေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည့်အပြင် အလုပ်အမျိုးအစား၊ လုပ်ငန်းအမျိုးအစား၊ အလုပ်ဌာနအမျိုးအစားအားလုံးနှင့်သက်ဆိုင်စေရမည်ဟု ပြင်ဆင်ပါသည်။

(ဂ) ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၂ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် ၂ ရှိ ခွင့်ရက်ဆိုသည် တွင် ဆိုသည့် စကားရပ်အား ခွင့်ရက်ဆိုရာတွင် ဟု ပြင်ဆင်ပါသည်။

(ဃ) ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၂ ပုဒ်မခွဲ (၄) ပုဒ်မခွဲငယ် (က) အား (က) ကိုယ်ပိုင်အလုပ်၊ ကိုယ်ပိုင်စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကိုယ်ပိုင်အလုပ်ဌာန လုပ်နေသည့် အလုပ်ရှင်ဖြစ်လျှင် ထိုအလုပ်ရှင်၏ မိဘ၊ ခင်ပွန်း၊ ဇနီး၊ သားသမီး၊ ညီအစ်ကို(အရင်း)၊ ညီအစ်မ(အရင်း)နှင့် မောင်နှမအရင်းများဟု ပြင်ဆင်ပါသည်။

(င) ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၂ ပုဒ်မခွဲ (၄) ပုဒ်မခွဲငယ် (ဃ) ရှိ အခြားတည်ဆဲဥပဒေ ဆိုသည့် စကားရပ်အားတည်ဆဲဥပဒေဟု ပြင်ဆင်ပါသည်။

(စ) ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၂ တွင်ပါရှိသော ရှင်းလင်းချက်အား ပုဒ်မခွဲ (က) တွင် ထည့်သွင်းပြီးဖြစ်၍ ပယ်ဖျက်ပါသည်။

(ဆ) ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၂ပုဒ်မခွဲ (ဃ) ပုဒ်မခွဲငယ်(၇) တွင် တည်ဆဲတရားဥပဒေတစ်ရပ်ရပ် ဆိုသည့်စကားရပ်ကို တည်ဆဲဥပဒေတစ်ရပ်ရပ် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်းဆိုသည့် စကားရပ်ကို ထပ်မံဖြည့်စွက်ပါသည်။

(ဇ) ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၃ ရှိ ပုဒ်မ ၃ ပုဒ်မခွဲ(၁)နှင့် ပုဒ်မခွဲ(၂)ဆိုသည့် စကားရပ်အား ပုဒ်မ ၃ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၂)နှင့် ပုဒ်မ ၁၄ ပုဒ်မခွဲ(၁)ဟု ပြင်ဆင်ပါသည်။

(ဈ) ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၄ ရှိ ပြည်ထောင်စုအစိုးရအဖွဲ့မှဆိုသည့် စကားရပ်အား ပြည်ထောင်စုအစိုးရအဖွဲ့ကဟု ပြင်ဆင်ပါသည်။

(ည) ပြင်ဆင်သည့် ဥပဒေကြမ်းပုဒ်မ ၅ ရှိ ပုဒ်မခွဲ(၄)အား အလုပ်ရှင်သည် အလုပ်သမားများအတွက် ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံးတစ်ရက်ကို အလုပ်ပိတ်ရက်အဖြစ်သတ်မှတ်၍ ခွင့်ပြုပေးရမည်ဟု ပြင်ဆင်ပါသည်။

(ဋ) ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၁၀ ရှိ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည်ဆိုသည့်စကားရပ်ကိုအလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ဟု ပြင်ဆင်ပါသည်။

(ဌ) ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၃ အား ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၈) ပါ ဇယားကို ပယ်ဖျက်ရမည်ဟု ပြင်ဆင်ပါသည်။

၄။ သို့ပါ၍ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံရင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ဥပဒေကြမ်းကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

**မူကြမ်း**

## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကတင်သွင်းသည့် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆ နှင့် ၁၈၈ တို့နှင့်အညီ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၉-၃-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၆)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၇ ရက်(တနင်္လာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]